မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၅၈)

မြန်မာတို့၏ ဆိုရိုးစကား စကားကြီး (၁၀) မျိုး

ကောက်ပင်ရိတ်လှီး စကားပြောနည်း

စပါးရိတ်လျှင် ကောက်ပင်ကို လက်တစ်ဖက်ဖြင့် ဆုပ်သိမ်းကာ တံစဉ်ဖြင့် အရင်းမှဖြတ်၍ ရိတ်ယူသကဲ့သို့ တစ်ဖက်လူ၏စကားကို သိမ်းကျုံးဖမ်းယူပြီးမှ အရင်းကဖြတ်၍ ပိုင်လောက်အောင်ပြောဆိုခြင်းသည် **"ကောက်ပင်ရိတ်လှီး"** စကားပြောနည်းမည်၏။

စာမျက်နှာ ၆ ကော်လံ ၁ ✳

ပြည်သူများ၏ မြင့်မားတိုးတက်လာသော လျှပ်စစ်ဓာတ်အားတောင်းခံမှုများ လုံလုံလောက်လောက်ဖြည့်ဆည်းပေးနိုင်ရေး မနားမနေကြိုးပမ်းနေ စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် တည်ဆောက်သကဲ့သို့ လျှပ်စစ်ဓာတ်အားများကို သုံးစွဲသူများထံ အရောက်ဖြန့်ဖြူးပေးမည့် ဓာတ်အားလိုင်းစနစ်ကိုလည်း ဟန်ချက်ညီညီ ချိန်ကိုက်စီမံဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၅

နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင်ရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကိုလည်းကောင်း၊ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်ရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရောက်ရှိ

နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်ဆည်ခရိုင်ရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း

ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည့် စီမံကိန်းကြီးဖြစ်၊ ယခုအခါ စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများသည် ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

သုံးစွဲသူအကြိုက် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅သန်းကျော်ရှိရာ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။

နိုင်ငံတော်က ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဟူသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးနှင့် ဇီဝဒီဇယ်ဆီထုတ်လုပ်ရေးသည် ကျေးလက်ဒေသနေ ပြည်သူအများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်သားတည်း ဆက်စပ်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည်။

ကျောက်ဆည်မြို့နယ်ရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)က လယ်ယာ(၁၆) လက်တွန်းထွန်စက်၊ လယ်ယာ(၂၂) လက်တွန်းထွန်စက်၊ တောင်ပေါ်သုံး လယ်ယာ(၁၆) လက်တွန်းထွန်စက်၊ စပါးရိတ်စက်၊ ၂၂ သွားဓားစက်ထွန်၊ နှစ်သွား လင်ပန်းထယ်၊ သံဘီးတို့ကို ထုတ်လုပ်လျက်ရှိရာ တစ်နှစ်လျှင် လက်တွန်းထွန်စက်အစီးတစ်သောင်း၊ စပါးရိတ်စက် အစီးငါးထောင် ထုတ်လုပ်ပေးနေသည်။

လယ်ယာ(၁၆)နှင့် လယ်ယာ(၂၂) လက်တွန်းထွန်စက်များနှင့် စပါးရိတ်စက်တို့ကို တောင်သူများအကြိုက် မွမ်းမံပြုပြင်ထုတ်လုပ်ပေးနေသကဲ့သို့ ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရေးအတွက်လည်း ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက်ရှိသည်။

လက်တွေ့၌လည်း အင်းကုန်းစက်ရုံထုတ် လက်တွန်းထွန်စက် အမျိုးအစားများသည် ပုဂ္ဂလိက လယ်ယာလုပ်ကွက်ငယ်များအတွက် ဆီလျော်အသုံးတည့်နေသည်။

လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ယခုကဲ့သို့ လယ်ယာသုံးစက်ကိရိယာများကို နိုင်ငံတော် အပိုင်းက ထုတ်လုပ်သကဲ့သို့ ပုဂ္ဂလိကအပိုင်းကလည်း ဆက်စပ်ထုတ်လုပ်ဖြည့်ဆည်းပေး သွားရမည် ဖြစ်သည်။

မြန်မာ့လယ်ယာသုံးစက်ကိရိယာ စက်ရုံအနေဖြင့် သုံးစွဲသူ တောင်သူလယ်သမားများအကြိုက် စက်ပစ္စည်းများဖြစ်ရန် လေ့လာဆန်းစစ် ထုတ်လုပ်ကြခြင်းဖြင့် လယ်ယာလုပ်ငန်းခွင်တွင် ပိုမိုအကျိုးဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးတိုင်း ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုနှင့် အလှူငွေပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၅

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၆ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း **(အပေါ်ပုံ)** တို့က အမှာစကား ပြောကြားသည်။

ပညာရည်ချွန်ဆုပေး

ထို့နောက် မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်း၊ ပျဉ်းမနားနှင့် ညောင်ဦးခရိုင်တို့မှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများပေးအပ်ချီးမြှင့်ရာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်တွင် အမှတ်အများဆုံးရရှိသူ ကျောင်းသားကျောင်းသူရှစ်ဦးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်များတွင် အမှတ်အများဆုံးရရှိသူရှစ်ဦးတို့အား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက သိပ္ပံတွဲ ရမှတ် ၅၄၇ မှတ်ဖြင့် အမှတ်အများဆုံး ရရှိသူ မန္တလေးခရိုင် အောင်မြေသာစံမြို့နယ်မှ TopTen စာရင်းဝင်ငါးဘာသာ ဂုဏ်ထူးရှင် မဆုလတ်ဖြူအား ငွေကျပ်နှစ်သိန်း ဂုဏ်ပြုချီးမြှင့်သည်။

အလှူငွေပေးအပ်

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ငွေကျပ်တစ်သိန်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးက ငွေကျပ်တစ်သိန်း၊ ဦးလှထွန်း-ဒေါ်စန်းစန်းဝေ ရှမ်းပျိုမယ်ဆေးတိုက် မိသားစုက ငွေကျပ်ခြောက်သိန်း၊ မြို့သစ် အမှတ်(၁) ရပ်ကွက်မှ ငွေကျပ်ခြောက်သိန်း၊ ဦးစိန်မြင့် သီဟသုခမ္မသီဂိ ဒေါ်စန်းကြူ ဒိုင်းမွန်းစတားကုမ္ပဏီနှင့် အဆင့်မြင့်ဒုံးပျံဂျုံစက်က ငွေကျပ် ငါးသိန်း၊ ဦးရွှေကျော် အေးသုံးလုံးဘိလပ်မြေက ငွေကျပ်ငါးသိန်း၊ ဦးမောင်အေး မန္တလာလက်တွန်းထွန်စက်က ငွေကျပ်လေးသိန်း၊ ဦးဌျန် မတ္တရာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးက ငွေကျပ်သုံးသိန်း၊ ဦးကျော်ခိုင် ဥရောပအာရှကုမ္ပဏီ၊ ဦးမြင့်ဆွေမန္တလေး စက်မှုဇုန်လုပ်ငန်း၊ ဦးဇော်မင်းနဝရတ်သကြားစက်၊ ကျားခေါင်းဘိလပ်မြေစက် ရုံနှင့် ဦးနေဝင်းထွန်း(Ruby Dragon Jade&Gems Co.,Ltd)တို့ကငွေကျပ်သုံးသိန်းစီ၊ ဦးစိန်ထွန်း ရွှေရည်ဝင်းအရက်နှင့်ပေါင်းသကြားစက်၊ ပုသိမ်ကြီး ဦးသိန်းမြင့်(ငွေရည်ပုလဲကုမ္ပဏီ)နှင့် ဦးမြင့်စိုး (စူပါမန်းမော်တော်ယာဉ်ထုတ်လုပ်ရေး)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးခင်မောင်သန်း-ဒေါ်ဝါဝါနိုင်စက်မှု(၁) ပြင်ထိန်းက ငွေကျပ်တစ်သိန်းခုနစ်သောင်း၊ ဦးစိန်ထွန်း (မတ္တရာငါးလုပ်ငန်းရှင်)၊ ဦးခင်မောင်ဝင်း(မန္တလေးစက်မှုဇုန်ကားလုပ်ငန်း(UD)၊ ဦးသန်းဦး(မန္တလေးစက်မှုဇုန်ကားလုပ်ငန်း)၊ ဦးဖရန်ကီး (မန္တလေးစက်မှုဇုန်ကားလုပ်ငန်း)၊ ဦးကိုကိုဦး၊ ဦးမြင့်ထူး ရွှေနန်းတော်မိသားစု၊ ဦးဟန်မြင့်မောင်၊ဒေါ်တင်တင်စန်း၊ဦးထွန်းဝင်း ရွှေမြင်းပျံအရက်ချက်စက်ရုံတို့က ငွေကျပ်တစ်သိန်းစီ ပေးအပ်ကြရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး အခမ်းအနား ပထမပိုင်း အစီအစဉ်ကို ခေတ္တရပ်နားသည်။

ဖတ်ကြား

ထို့နောက် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ တိုင်းအလုပ်အမှုဆောင်များက စည်းရုံးရေးကဏ္ဍ၊ စီမံရေးရာကဏ္ဍ၊ စီးပွားရေး၊ လူမှုယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍအသီးသီးတို့ကိုလည်းကောင်း၊ စာတမ်းများကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

အတည်ပြု

ယင်းနောက် တင်ပြချက်များအပေါ် အတည်ပြုခြင်းတစ်ရပ်၊ ဆုံးဖြတ်ခြင်းသုံးရပ်၊ မှတ်တမ်းတင်ခြင်း လေးရပ် ချမှတ်ပြီးနောက် သဘာပတိက ကိုယ်စားလှယ်များ၏ အတည်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန(မန္တလေး) ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် စက်တင်ဘာ ၂၃ရက်က မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အင်ကျယ်ကျေးရွာအုပ်စုရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနသို့ ရောက်ရှိလာရာ ရှေးဦးစွာ ကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ် ဒေါ်တင်တင်အေးက ကျောင်း၏ တည်နေရာ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ အမျိုးသမီးများအား အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားလေ့ကျင့်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပြန်လည်နေရာချထားပေးမှုကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အလှူငွေပေးအပ်

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့ မိသားစုက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ငွေကျပ်နှစ်သိန်း၊ World Vision (Myanmar)မှ Mr. Roger Walker က ငွေကျပ်ရှစ်သိန်းနှစ်သောင်းနှင့် ဒို့ရွှေပြည် ဆောက်လုပ်ရေးမှ ဦးမြတ်စိုးက ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ် ဒေါ်တင်တင်အေးက လက်ခံသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့် အလှူရှင်များသည် အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန(မန္တလေး)ရှိ စက်ချုပ်၊ ဇာထိုး၊ ပန်းထိုးသင်တန်းများ၊ စားဖိုချောင်နှင့် အိပ်ဆောင်များ ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို အားပေး မှာကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့အတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

သင်ကြားပေး

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနကို ရန်ကုန်တိုင်းတွင် တစ်ခုဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲပေးခြင်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း အသက်မွေးမှုပညာရပ်များ သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၆-၉-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၂၀	၃။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၁၈)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	**သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -စိတ်တူ၊ ကိုယ်တူ၊ ညီတူ အသင်းအဖွဲ့
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၁၁)

26-9 (02) 1 9/26/06, 1:13 AM

ကျေးလက်ပြည်သူများ နိုင်ငံတော်၏အခြေခံအဆောက်အအုံများမှ အထောက်အပံ့ကိုရယူ တစ်ဦးချင်း၊ မိသားစုတစ်စုချင်း ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန် ကြိုးစား ခေတ်သစ်နည်းဖြင့် ကျွန်ပြုရန်ဆောင်ရွက်နေမှုများ သတိပြုတားဆီးကာကွယ် နိုင်ငံတော်နှင့်ပြည်သူ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ပါက ဖွံ့ဖြိုးလာမည်သေချာ

ရန်ကုန် စက်တင်ဘာ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၂ ရက်မှ ယနေ့အထိ မကွေးတိုင်း ပခုက္ကူမြို့နယ် ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုနှင့် ထီးလင်းမြို့နယ်တို့ရှိ ကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆောမြို့နယ် ပန်းဆန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

မှာကြားဖြည့်ဆည်း

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၃ ရက်တွင် ဆောမြို့နယ် ကြီးရွာသို့ရောက်ရှိ၍ ကျေးလက်ကိုယ့်အားကိုယ်ကိုး ရွာစာကြည့်တိုက်ကို ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ကြီးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အဆိုပါ တွေ့ဆုံပွဲသို့ ကြီးရွာ၊ လယ်ဆောကျေးရွာ၊ နှောကျေးရွာ၊ မိအယ်ကျေးရွာနှင့် ရွာသာကျေးရွာတို့မှ ဒေသခံပြည်သူ အင်အား ၂၀၀၀ ခန့်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် ကြီးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးလွန်းဖေက ကြီးရွာအပါအဝင် ကျေးရွာများမှ အသင်းဝင်အဆိုပြုလွှာ ၅၀၀ ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီးထံ ပေးအပ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပန်းဆန်ကျေးရွာတွင် ဒေသခံကျေးရွာပြည်သူများအတွက် စောင်များ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တက်ရောက်လာကြသော ကျေးရွာများမှ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကြီးရွာ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ဒေသခံ ကျေးရွာပြည်သူများအတွက် စောင်များ၊ အဝတ်အထည်များ၊ မိုးကာနှင့် ပလတ်စတစ်ပုံးများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ခြင်ဆေးခွေနှင့် ဆပ်ပြာများ၊ ကျောင်းသုံး ဗလာစာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆောမြို့နယ် ပန်းဆန်ကျေးရွာသို့ ရောက်ရှိ၍ ပန်းဆန်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တည်ဆောက်ပြီး ကျေးရွာသို့ လျှပ်စစ်မီးဖြန့်ဝေပေးမည့် ရေအားလျှပ်စစ်တာဘိုင်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ကာ ဖွင့်လှစ်ပေးပြီး ရေအားလျှပ်စစ်တာဘိုင်စက်ရုံအတွင်း လှည့်လည် ကြည့်ရှုအားပေးသည်။

အဆိုပါ ရေအားလျှပ်စစ်တာဘိုင်တွင် ၁၀ ကီလို ဒိုင်နမိုတပ်ဆင်ထားပြီး ကျေးရွာရှိအိမ်ခြေ ၈၀ ခန့်ကို လျှပ်စစ်မီး ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ပံ့ပိုးဆောင်ရွက်ပေး

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပန်းဆန်ကျေးရွာ မိုးသောက်ကြယ် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ပန်းဆန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပန်းဆန်ကျေးရွာ၊ မြို့မကျေးရွာ၊ တေးကျေးရွာ၊ စံကျေးရွာ၊ မင်းကြည့်ကျေးရွာ၊ နသိုးကျေးရွာ၊ သရက်ချဉ်ကျေးရွာ၊ လေးကျေးရွာ၊ တောခလွန်ကျေးရွာနှင့် ရုံဘိုကျေးရွာတို့မှ ဒေသခံပြည်သူ အင်အား ၂၆၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံပြည်သူတစ်ဦးက ဒေသအခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေး၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပန်းဆန်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးစိုးလင်းက ပန်းဆန်ကျေးရွာအပါအဝင် ကျေးရွာများမှ အသင်းဝင်အဆိုပြုလွှာ ၅၀၀ ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပေးအပ်သည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မောင်သန်းလွင်အောင်၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦးတို့အား ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တက်ရောက်လာကြသော ကျေးရွာများမှ ဒေသခံပြည်သူများအတွက် စောင်များ၊ အဝတ်အထည်များ၊ မိုးကာနှင့် ပလတ်စတစ်ပုံးများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ခြင်ဆေးနှင့် ဆပ်ပြာများ၊ ကျောင်းသုံး ဗလာစာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာစောင်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ပန်းဆန်ကျေးရွာရှိ မဟာဓမ္မောသမကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲများ၌ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့် ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့တာဝန်ယူသည့်ကာလအတွင်း လိုအပ်သော အခြေခံအဆောက်အအုံများကို နေ့မအားညမနားဘဲ အခက်အခဲများကို ကျော်လွှား၍ ကြိုးပမ်းတည်ဆောက်ပေးခဲ့ကြောင်း၊ ထိုသို့တည်ဆောက်ပေးမှုကြောင့် ကျေးလက်ပြည်သူများ၏ အဓိကအားထားရာ လုပ်ငန်းဖြစ်သော စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆည်မြောင်း တာတမံများ၊ မြေအောက်ရေတွင်းများ စသည့် စိုက်ပျိုးရေးအခြေခံအဆောက်အအုံ လိုအပ်ချက်အားလုံးနီးပါးကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အတူ လမ်းပန်းဆက်သွယ်ရေးအတွက် ကားလမ်းများ၊ ရထားလမ်းများ၊ မြစ်ကူးတံတားကြီးများအပါအဝင် တံတားအကြီး၊ အသေးများ၊ လေယာဉ်ကွင်းများ၊ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ စသည့် လမ်းပန်းဆက်သွယ်ရေး အဆောက်အအုံအားလုံးကိုလည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့အပြင် လူငယ် လူရွယ်များ၏ ပညာရည်မြင့်မားရေး၊ ကျန်ပြည်သူတစ်ရပ်လုံး၏ အသိပညာ ဗဟုသုတတိုးပွားရေးတို့အတွက် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်များ၊ ကွန်ပျူတာနှင့် နည်းပညာကောလိပ်/တက္ကသိုလ်များကို အခြေခံလိုအပ်ချက် အားလုံးနီးပါး တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျေးရွာတိုင်းတွင်လည်း ကျေးလက်စာကြည့်တိုက်များ ထူထောင်ပေးပြီးဖြစ်ကြောင်း။

ထို့အတူ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအား၊ စွမ်းအင် စသည့် ကဏ္ဍအားလုံးတွင်လည်း ဖြစ်နိုင်သမျှ အမြောက်အမြား ဖြည့်ဆည်း တည်ဆောက်ပေးပြီး ဖြစ်ကြောင်း၊ သို့ပါ၍ ထိုတည်ဆောက်မှု အကျိုးဆက်များကို ယခုအခါ ပြည်သူများ ရရှိခံစားနေရပြီ ဖြစ်ကြောင်း၊ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံ အားလုံးနီးပါးကို တည်ဆောက်ပေးပြီး ဖြစ်သည့်အတွက် နိုင်ငံတော်၏ အခြေအနေသည် အရှိန်အဟုန်ဖြင့် ဆက်လက် ဖွံ့ဖြိုးတိုးတက်တော့မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထိုသို့ဖွံ့ဖြိုးတိုးတက်ရန်မှာ ကျေးလက်ပြည်သူများကလည်း နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ၏ အထောက်အပံ့ကိုရယူ၍ မိမိတို့ တစ်ဦးချင်း၊ မိမိတို့မိသားစု တစ်စုချင်း၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးများ ဖွံ့ဖြိုးတိုးတက်လာအောင် အစွမ်းကုန် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ထိုသို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါက အချိန်တိုကာလအတွင်း တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်လာမည်မှာ သေချာကြောင်း၊ သို့သော် ဤဖွံ့ဖြိုးတိုးတက်မှုများ၊ တည်ငြိမ်အေးချမ်းမှုများ၊ ဒီမိုကရေစီ ကူးပြောင်းရေးအတွက် တိုးတက်အောင်မြင်နေမှုများကို နှောင့်ယှက်ဖျက်ဆီးနေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကိုလည်း သတိပြုတားဆီးကာကွယ် ချေမှုန်းကြရမည်ဖြစ်ကြောင်း၊ ထို့အတူ အနောက်အင်အားကြီး နိုင်ငံတစ်ခုနှင့် ပြည်တွင်းပြည်ပ ပုဆိန်ရိုးများ ပူးပေါင်းပြီး မြန်မာနိုင်ငံအား ခေတ်သစ်ကိုလိုနီဘဝသို့ သွတ်သွင်းရန်၊ တစ်နည်းအားဖြင့် ခေတ်သစ်နည်းဖြင့် ကျွန်ပြုရန် ဆောင်ရွက်နေမှုများကိုလည်း သတိပြုတားဆီးကာကွယ်ကြရမည်ဖြစ်ကြောင်း၊ ထိုအချက်များကို သတိပြုကာကွယ်တားဆီးခြင်းမပြုမိပါက သမိုင်း တစ်ပတ်လည်သည့် အဖြစ်မျိုးနှင့် ပြန်လည်ကြုံဆုံရနိုင်ကြောင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးစဉ်ကကဲ့သို့ အကွဲအပြဲမျိုးစုံ၊ ဖွံ့ဖြိုးတိုးတက်မှုနတ္ထိဖြင့် အကျိုးမဲ့ အချည်းအနှီး ဖြစ်ခဲ့ရသည့် ကာလမျိုး ပြန်လည်ကျရောက်နိုင်ကြောင်း။

သို့ပါ၍ အနောက်အင်အားကြီး နိုင်ငံနှင့် ပြည်တွင်း၊ ပြည်ပ ပုဆိန်ရိုးတို့၏ နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ပျက်ပြားအောင် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နိုင်ငံတော်အား ခေတ်သစ်ကိုလိုနီအဖြစ် သွတ်သွင်းရန်၊ တစ်နည်းအားဖြင့် ခေတ်သစ်နည်းဖြင့် ကျွန်ပြုရန် ကြံစည်ကြိုးစား ဆောင်ရွက်နေမှုများကိုလည်းကောင်း တားဆီးကာကွယ်ချေမှုန်းရင်း တစ်ဖက်မှလည်း တိုင်းပြည်နှင့် လူမျိုးတို့ အရှိန်အဟုန်ဖြင့် ဆက်လက် ဖွံ့ဖြိုးတိုးတက်လာအောင် ပြည်သူအားလုံးက နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ တပ်မတော်တို့နှင့်အတူ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့ရှိ သဘာဝငါးပြတိုက်အတွင်း ကြည့်ရှုလေ့လာနေသူများအား စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ (ယင်းငါးပြတိုက်တွင် ရေနေသတ္တဝါမျိုးစိတ်ပေါင်း ၂၅၀၀ ကျော်ကိုမွေးမြူပြသထားကြောင်း သိရသည်။)
(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ၏ ဝါသုံးစွဲမှု မြင့်တက်လာ တန်ချိန် ၄ ဒသမ ၆ သန်းခန့် ပြည်ပမှ တင်သွင်းရမည်

ပေကျင်း စက်တင်ဘာ ၂၅

တရုတ်နိုင်ငံသည် ယခုနှစ်တွင် ဝါထွက်ရှိမှုတန်ချိန်ခြောက်သန်းခန့်သာရှိပြီး တစ်နှစ်လုံးအတွက် ဝါသုံးစွဲမှုတန်ချိန် ၁၀ ဒသမ ၆ သန်းခန့်ရှိနေသဖြင့် လိုအပ်မှုများရှိနေကြောင်း တရုတ်နိုင်ငံ၏ ဝါထွက်ရှိမှုနှင့် သုံးစွဲမှုဆိုင်ရာအရာရှိတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံသည် တစ်နှစ်လျှင် ဝါသုံးစွဲမှုတန်ချိန် ၁၀ ဒသမ ၆ သန်းရှိနေရာ ယခုနှစ် ဝါလိုအပ်မှုတန်ချိန်မှာ ၄ ဒသမ ၆၁ သန်းခန့်ရှိနေသည်ဖြစ်ရာ ပြည်ပမှတင်သွင်းရမည်ဟု အရာရှိတစ်ဦးဖြစ်သူ လီကျန်ကျူက ပြောကြားသည်။

ဝယ်လိုအား

တရုတ်နိုင်ငံသည် နှစ်စဉ်ဝါသုံးစွဲမှုမြင့်မားနေလျက်ရှိသည်။ တရုတ်နိုင်ငံ၏အထည်အလိပ် လုပ်ငန်းများအတွက် ၂၀၀၆ ခုနှစ်တွင် ဝါလိုအပ်ချက်ရှိနေရာ ဝယ်လိုအားနှင့်ထုတ်လုပ်မှုအကြား ကွာဟချက်ရှိနေကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံတွင် ယခုနှစ်၌ ဝါစိုက်ဧက ၅ ဒသမ ၂၇ သန်းဟက်တာရှိရာ ပြီးခဲ့သည့်နှစ်ကထက် ဟက်တာနှစ်သိန်းခန့်တိုးတက်လာသည်။ ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံ၏ဝါထွက်ရှိမှုသည် တန်ချိန် ၅ဒသမ၇သန်းရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လာမည့်နှစ်၌ ရေနံတစ်စည် ဒေါ်လာ ၄၀ အထိကျဆင်းမည်ဟု အိုပက်အရာရှိတစ်ဦး ပြောကြား

ကူဝိတ်စီးတီး စက်တင်ဘာ ၂၅

ကမ္ဘာ့ရေနံဈေးနှုန်းသည် လာမည့် ၂၀၀၇ ခု နှစ်လယ်တွင် ရေနံတစ်စည်လျှင် ဒေါ်လာ ၄၀ အထိကျဆင်းသွားမည်ဖြစ်ကြောင်း ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)မှ အရာရှိတစ်ဦးကပြောကြားသည်ဟု ကူဝိတ်အခြေစိုက် အာရက်တိုင်းမ်သတင်းစာက စက်တင်ဘာ ၂၂ ရက်၌ ဖော်ပြသည်။

၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ခုနှစ်၌ ရေနံဈေးနှုန်းသည် တစ်စည်လျှင် ဒေါ်လာ ၄၀ အထိ ကျဆင်းသွားနိုင်ကြောင်း၊ ယခုနှစ်တွင် မဖြစ် နိုင်ကြောင်း အိုပက်အရာရှိတစ်ဦးဖြစ်သူ အက်နန်ရှီဟတ်အီလ်ဒင်က ပြောကြားသည်။

ရေနံဈေးနှုန်း ကျဆင်းခဲ့သော ၂၀၀၃ ခုနှစ်က အနေအထားမျိုးရောက်ရှိမည်မဟုတ်ကြောင်း၊ ရေနံတစ်စည်ဈေးနှုန်းမှာ ဒေါ်လာ ၄၀၊ ဒေါ်လာ ၅၀ သို့မဟုတ် ဒေါ်လာ ၆၀ စသည့်ဖြင့်ရှိသွားမည်ဖြစ်ကြောင်း၎င်းကပြောကြားသည်။

ယခုရေနံဈေးနှုန်းမှာ အီရန်၏ နျူကလီးယားပြဿနာ၊အီရတ်ပြဿနာနှင့် အရှေ့အလယ်ပိုင်း ကိစ္စရပ်တို့ကြောင့် ရေနံတစ်စည်လျှင် ဒေါ်လာ ၆၀ ရှိနေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နှစ်သုံးသန်းကျော်က ကလေးတစ်ဦး၏ကျောက်ဖြစ်ရုပ်ကြွင်း အီသီယိုးပီးယား၌ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

လန်ဒန် စက်တင်ဘာ ၂၅

လွန်ခဲ့သော နှစ်သန်းပေါင်း ၃ ဒသမ ၃သန်းက ကလေးငယ်တစ်ဦး၏ အရိုးစုကျောက်ဖြစ် ရုပ်ကြွင်းတစ်ခုကို အီသီယိုးပီးယားနိုင်ငံ၌ တွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၂၀ရက်တွင် ပြောကြားလိုက်သည်။

ယင်းကလေးငယ်၏ အရိုးစုကျောက်ဖြစ်ရုပ်ကြွင်းမှာ အသက်သုံးနှစ်အရွယ် မိန်းကလေးတစ်ဦး၏ ရုပ်ကြွင်းဖြစ်ကြောင်း၊ ၎င်းရုပ်ကြွင်းကို စနစ်တကျ စီမံထုပ်ပိုးလျက် မြို့တော်အဒစ္စအဘာဘာ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၄၀၀အကွာ ဒိုင်ကီကာအရပ်၌ တွေ့ရှိခဲ့ကြောင်း အဆိုပါသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းသည် ကျောက်ဖြစ်ရုပ်ကြွင်းသမိုင်းတွင် အစောဆုံးနှင့် အပြည့်စုံဆုံးဖြစ်ကြောင်း ဂျာမနီနိုင်ငံ လစ်ဇစ်ရှိ မက်စ်ပလန့်ခ် ကျောက်ဖြစ် ရုပ်ကြွင်း သုတေသနဌာနမှ ဒေါက်တာ ဇာရက်ဆေနေအလန်ဆက်ဒ်က ပြောကြားသည်။

ထူးခြား

ယင်းကျောက်ဖြစ်ရုပ်ကြွင်းမှာ ဦးခေါင်းခွံ၊ ခြေလက်အပြည့်အစုံပါရှိပြီး လူနှင့်မျောက်ကဲ့သို့ ထူးခြားသော လက္ခဏာ များလည်းပါရှိသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်တွင် ဘတ်စ်ကားတစ်စီး မီးလောင် ငါးဦး သေဆုံး၊ ၂၀ ဒဏ်ရာရ

ပေကျင်း စက်တင်ဘာ ၂၅

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဘတ်စ်ကားပေါ်၌ တင်ဆောင်လာသော အိတ်တစ်လုံးအတွင်းမှ ဓာတ်ငွေ့နှင့် ဖြောက်အိုးများကြောင့် ကားမီးလောင်မှုဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးပြီး လူ ၂၀ ဒဏ်ရာရရှိသွားခဲ့သည်ဟု ပြည်တွင်းမီဒီယာများက စက်တင်ဘာ ၂၂ ရက်၌ ပြောကြားသည်။ (ယာပုံ)

ဟေလုံကျင်ပြည်နယ် မူဒန်ကျင်းမြို့တွင် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းက ကားမီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ အမျိုးသမီးခရီးသည် တစ်ဦး အိတ်ကြီးတစ်လုံး သယ်ဆောင်လာသည်ကို မြင်တွေ့ခဲ့သည်ဟု ခရီးသည် တစ်ဦး၏ ပြောကြားမှုအရ ရဲတပ်ဖွဲ့က ရှာဖွေရာ ယင်းအိတ်အတွင်းမှ ဓာတ်ငွေ့နှင့် ဖြောက်အိုးများ ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

စုံစမ်းစစ်ဆေး

စုံစမ်းစစ်ဆေးမှုများအရ ယင်းအိတ်မှစတင်၍ မီးလောင်ကျွမ်းခြင်းဖြစ်ပြီး မည်သည့်အတွက် ယင်းအမျိုးသမီးသည် ဓာတ်ငွေ့နှင့်ဖြောက်အိုးများ အိတ်အတွင်းသို့ ထည့်သွင်းယူလာသည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ



တရုတ်နိုင်ငံ ချန်ဒူမြို့ရှိ အင်တာနက်ကဖေးတစ်ခုတွင် အင်တာနက်အသုံးပြုနေသော တရုတ်လူငယ်များကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပိုလန်နိုင်ငံ ဝါဆောမြို့တွင် ကျင်းပသည့် ၂၀၀၆ခုနှစ် ကမ္ဘာ့အလှမယ်ရွေးချယ်ပွဲ၌ ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံမှ အလှမယ်တန်ကီဒီဖရီတာ့စ် ပါဝင်ယှဉ်ပြိုင်နေသည်ကို စက်တင်ဘာ ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂွမ်တာနာမို အကျဉ်းစခန်းပိတ်ပစ်ရန် ပျက်ကွက်မှု အမေရိကန်အစိုးရအား ကုလကျွမ်းကျင်သူများ ပြစ်တင်

ဂျီနီဗာ စက်တင်ဘာ ၂၅

အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်းရှိသူများအတွက် ဖွင့်လှစ်ထားသည့် ဂွမ်တာနာမို အကျဉ်းစခန်းပိတ်သိမ်းရေး တစ်စုံတစ်ရာဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများက အမေရိကန်နိုင်ငံအားစက်တင်ဘာ၂၁ရက်က ဝေဖန်ပြောဆိုသည်။

ဖော်ပြ

ဂွမ်တာနာမို အကျဉ်းစခန်းပိတ်ပေးရန် အမေရိကန်အစိုးရအား မိမိတို့တောင်းဆိုကြောင်း၊ ထိုအချိန်တိုင်အောင် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု၊ ရက်စက်မှု၊ လူမဆန်စွာ ဆက်ဆံမှုသို့ သက်ရောက်စေသော မည်သည့်အလုပ်ကိုမျှ မလုပ်ရန် ထိန်းချုပ်ဖို့ တောင်းဆိုကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသည့် လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းရေးမှူး ငါးဦးတို့၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ထောက်ပြပြစ်တင်

အမေရိကန်အစိုးရသည် ဂွမ်တာနာမို အကျဉ်းစခန်းကို ပိတ်မပစ်ရုံမျှမက ယင်းကိစ္စကို အမေရိကန်ကွန်ကရက်က အတည်ပြုပေးရန် ဥပဒေကြမ်းကိုပင် မကြာမီက တင်သွင်းကြောင်း ကြေညာချက်တွင် ထောက်ပြပြစ်တင်လိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မလေးရှား ရဲတပ်ဖွဲ့ ဘိန်းဖြူ ၂၄၃ ကီလို ဖမ်းဆီးရမိ

မလေးရှား စက်တင်ဘာ ၂၅

မလေးရှားနိုင်ငံတွင် စက်တင်ဘာ ၂၃ ရက်က ဘိန်းဖြူ ၂၄၃ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း မလေးရှားရဲတပ်ဖွဲ့က ကြေညာသည်။

ဖမ်းဆီးရမိ

ပီနန်ဒေသရှိ အိမ်တစ်အိမ်သို့ ယင်းနေ့ နံနက်ပိုင်းက ရဲတပ်ဖွဲ့က ရုတ်တရက် ဝင်ရောက်ရှာဖွေရာတွင် ဘိန်းဖြူ ၂၄၃ ကီလို(ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၁၃၅၁ဒေါ်လာ) ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယ၌ လာရောက်ရင်းနှီးမြှုပ်နှံကြရန် တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်

ဆိုးလ် စက်တင်ဘာ ၂၅

တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အိန္ဒိယနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပီချီဒမ်ဘာရမ်က စက်တင်ဘာ ၂၁ရက်၌ ဖိတ်ခေါ်လိုက်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် နိုင်ငံတကာ အရင်းအနှီးများ ဖိတ်ခေါ်ကာ စီးပွားရေး လုပ်ကိုင်စေခြင်းဖြင့် လာမည့်နှစ် ၅၀ခန့်တွင် တရုတ်၊ ရုရှားနှင့် ဘရာဇီး တို့ကဲ့သို့သော ပြည်တွင်း၌ ဈေးကွက် ဖွံ့ဖြိုးမှုများ ရှိလာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တွေ့ဆုံ

အိန္ဒိယနိုင်ငံ၏ စီးပွားရေး တိုးတက်မှုသည် ၂၀၅၀ပြည့်နှစ် နောက်ပိုင်းတွင် တိုးတက်မှုနှုန်း အလွန်မြင့်မားသော နိုင်ငံအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများဆိုင်ရာ ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် ၎င်းကပြောကြားခြင်းဖြစ်သည်။

တိုးတက်

အိန္ဒိယနိုင်ငံသည် လောလောဆယ်တွင် ကမ္ဘာ၌ ပြည်တွင်းစုစုပေါင်း ထုတ်ကုန်တန်ဖိုး(ဂျီဒီပီ) အဆင့်လေး ရှိနေသည့် နိုင်ငံဖြစ်သကဲ့သို့ ကမ္ဘာ၌ စီးပွားရေးတိုးတက်မှု အလျင်မြန်ဆုံး နိုင်ငံများ၌ ဒုတိယလိုက်နေသည့် နိုင်ငံလည်းဖြစ်သည်။

ကုန်သွယ်မှု

တောင်ကိုရီးယားနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အရေးကြီးသော မိတ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုအနေဖြင့် ၂၀၀၁- ၂၀၀၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံမှ ၂၀၀၅-၂၀၀၆ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၆ဒသမ ၃ ဘီလီယံ အထိရှိလာကြောင်း အိန္ဒိယဘဏ္ဍာရေး ဝန်ကြီး ပီချီဒမ်ဘာရမ်က ပြောကြားသည်။ **(ပီတီအိုင်)**

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်တွင် ကျင်းပသော ပထမအကြိမ်အပြည်ပြည်ဆိုင်ရာ ကားထုတ်လုပ်မှု ပြပွဲ၌ ပြသထားသောကားများကို စက်တင်ဘာ ၂၃ ရက်ကတွေ့ရစဉ်။ (ယင်းကားပြပွဲတွင် နိုင်ငံတကာ ကားထုတ်လုပ်သည့် ကုမ္ပဏီ ၅၀ကျော်မှ ကားအမျိုးအစားပေါင်း ၁၆၀ ခန့် ပြသထားကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ

ပါကစ္စတန်က ပြည်ပကုမ္ပဏီနှင့် တည်ဆောက်မည်

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၅

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့အနီးတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀မှ ၁၂၀၀အထိ ထုတ်လုပ်ပေးနိုင်သည့် ကျောက်မီးသွေးအားပြု လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်ရေးအတွက် နိုင်ငံတကာမှ ကုမ္ပဏီကိုးခုတို့က အဆိုပြုထားကြောင်း ပါကစ္စတန်နိုင်ငံထုတ် ဒေါင်းသတင်းစာ၌ စက်တင်ဘာ ၂၃ရက်က ဖော်ပြသည်။

အရေးပေါ်ဆောင်ရွက်

ပါကစ္စတန်နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြည့်ဆည်းပေးရန်အတွက် ပါကစ္စတန်အစိုးရ၏ အရေးပေါ်ဆောင်ရွက်မှုတစ်ရပ် ဖြစ်ကြောင်း သိရသည်။

တင်ပြထားပြီး

အဆိုပါနိုင်ငံတကာမှ ကုမ္ပဏီကိုးခုအနေဖြင့် ၎င်းတို့၏ ဓာတ်အားပေးစက်ရုံတည်ဆောက်ရေး စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများကို စက်တင်ဘာ ၂၀ ရက်က နောက်ဆုံးထားပြီး ပါကစ္စတန်အစိုးရထံ တင်ပြထားပြီးဖြစ်ကြောင်း ဒေါင်းသတင်းစာက ဖော်ပြသည်။

ပေါကြွယ်ဝ

အဆိုပြုထားသည့် ကုမ္ပဏီများမှာ ဂျပန်၊ ဂျာမနီ၊ ဆော်ဒီအာရေဗျနှင့် မလေးရှားနိုင်ငံတို့မှ ကုမ္ပဏီများဖြစ်ကြသည်။ ပါကစ္စတန်နိုင်ငံသည် ကျောက်မီးသွေး သယံဇာတအရန်အင်အား ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် ကျောက်မီးသွေးအရန်ပမာဏ တန်ချိန် ၁၈၅ဘီလီယံ ရှိသည့်အတွက် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဉ်ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထိုင်းငွေကြေးဈေးကွက် ပုံမှန်အတိုင်းဖြစ်လာ

ဗန်ကောက် စက်တင်ဘာ ၂၅

ထိုင်းစစ်ဘက်က အာဏာသိမ်းခဲ့ပြီးနောက် ထိုင်းနိုင်ငံတွင် ငွေကြေးဈေးကွက်အခြေအနေမှာ ပုံမှန်အတိုင်းပြန်ဖြစ်နေကြောင်း ထိုင်းဗဟိုဘဏ် အကြီးအကဲ ဘန်ဒစ်နီဂျာသာဝမ်က စက်တင်ဘာ ၂၅ ရက်၌ ပြောကြားသည်။

ပုံမှန်ရှိ

ထိုင်းနိုင်ငံတွင် လက်ရှိအချိန်၌ ငွေကြေးစီးဆင်းမှုအနေအထား ပုံမှန်ရှိနေပြီး လုပ်ငန်းများ ပြန်လည်ပတ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

တိုးတက်မှုရှိနေမည်

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကုန်သွယ်မှုအနည်းအငယ် အဟန့်အတား ဖြစ်ခဲ့သော်လည်း လာမည့်လ၌ စီးပွားရေးတိုးတက်မှုရှိနေမည်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုအနေဖြင့် ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိနေမည်ဖြစ်ကြောင်း ဘန်ဒစ်က ပြောကြားသည်။

အသင့်ဖြစ်

လာမည့်အောက်တိုဘာ ၁ ရက်တွင် စတင်မည့် လာမည့်နှစ် ဘတ်ဂျက်အတွက်လည်း မိမိတို့အနေဖြင့် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရန် အသင့်ဖြစ် နေပြီဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ စည်းမျဉ်းခံဘုရင်စနစ်အရ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကောင်စီ (စီဒီအာရ်အမ်)က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်၌ သတ္တုတွင်း ဓာတ်ငွေ့ပေါက်ကွဲ

ကူမင်း စက်တင်ဘာ ၂၅

တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ သတ္တုမိုင်းတစ်ခုတွင် ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားသဖြင့် မိုင်းလုပ်သားနှစ်ဦးသေဆုံးပြီး ၂၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ဖြစ်ပွားမှုမှာ စက်တင်ဘာ၂၂ရက် နံနက်၉နာရီ မိနစ်၂၀က ဓာတ်ငွေ့ပေါက်ကွဲမှု မတော်တဆဖြစ်ပြီး ထိုအချိန်က မိုင်းလုပ်သား ၂၉ဦးမှာ မြေအောက်၌ အလုပ်လုပ်ကိုင်နေချိန်ဖြစ်သည်။

မတော်တဆဖြစ်ပွားသည့် မိုင်းတွင်းမှာ ယူနန်ပြည်နယ် ဟွာပန်စီရင်စုမှ ဆွန်ကျူ့မိုင်းတွင်းဖြစ်ပြီး ဒဏ်ရာရသူများကို အနီးရှိ ဆေးရုံသို့ ဆေးကုသမှုခံယူရန် တင်ပို့ပေးထားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တောင်အာဖရိက၌ လေယာဉ်ပျက်ကျ

ကိတ်တောင်း စက်တင်ဘာ ၂၅

တောင်အာဖရိက စတန့်စွမ်းရည်ပြ လေယာဉ်တစ်စင်း စက်တင်ဘာ ၂၂ ရက်က ကိတ်တောင်းမြို့အနီး ပင်လယ်အတွင်းသို့ ပျက်ကျသွားခဲ့ကြောင်း၊ ၎င်းလေယာဉ်မှာ စတန့်စွမ်းရည်ပြ လေကြောင်းပြပွဲ၏ ဦးဆောင်လေယာဉ်ဖြစ်ကြောင်း တောင်အာဖရိကစစ်ဘက်အရာရှိများက ပြောကြားသည်။

ထိုသို့ပင်လယ်အတွင်း ပျက်ကျသွားခဲ့သော လေယာဉ်တွင် လေယာဉ်မှူးလည်းပါသွားကြောင်း၊ ထိုလေယာဉ် မည်သည့်အတွက်ကြောင့် ပျက်ကျခဲ့သည်ကို မသိရသေးကြောင်း၊ စစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။ ကယ်ဆယ်ရေးရဟတ်ယာဉ်များက ထိုပျက်ကျသွားသော လေယာဉ်မှာ ရေအောက်သို့ နစ်မြုပ်သွားကြောင်း သတင်းပို့ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ကမ္ဘာ့အကြီးဆုံး ဒရမ်

ကမ္ဘာပေါ်တွင် အကြီးဆုံးဒရမ်ကြီးတစ်ခုကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါဒရမ်ကြီးကို တရုတ်နိုင်ငံ ရှန်စီပြည်နယ် ယန်လင်းမြို့အနီး ရှန်ချွမ်ကောကျေးရွာတွင် ဒေသခံများက စုပေါင်းပြုလုပ်ထားခြင်း ဖြစ်သည်။ ၎င်းဒရမ်ကြီးသည် အချင်း ၃ဒသမ ၆၈မီတာနှင့် အမြင့် ၁ဒသမ ၉၈မီတာရှိပြီး လူ၁၄ဦးက ၁၀၈ရက်ကြာအောင် ပြုလုပ်ခဲ့ရကြောင်း ကမ္ဘာ့အကြီးဆုံး ဒရမ်ကြီးအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



ဆိုင်ကယ်စီး စွမ်းရည်ပြသ

ဆိုင်ကယ်စီးကျွမ်းကျင်မှု စွမ်းရည်ပြသနေသူနှစ်ဦးကို တွေ့ရစဉ်။**(အပေါ်ပုံ)**

အိန္ဒိယနိုင်ငံ အမ်ရစ်ဆာမြို့တွင်ကျင်းပသည့် မော်တော်ဆိုင်ကယ်စီး စွမ်းရည်ပြပွဲတွင် အိန္ဒိယနိုင်ငံသားနှစ်ဦးတို့က အမျိုးမျိုးသောပုံစံဖြင့် ဆိုင်ကယ်စီးကျွမ်းကျင်မှု စွမ်းရည်ပြသခဲ့သည်ဟု သိရသည်။ **(အင်တာနက်)**

✱ ရှေ့ဖုံးမှ

ကောက်ပင်ရိတ်လှီး စကားပြောနည်းကို သာဓကအနေဖြင့် ပုံပြင်တစ်ခု ဆိုစမှတ်ပြုခဲ့သည်မှာ ရှေးအခါက ဥစ္စာပစ္စည်းပေါကြွယ်များသည့် သူဋ္ဌေးသားတစ်ဦးသည် မြားပစ်ရာဝယ် လွန်စွာကျွမ်းကျင်လှပါသည်။ တစ်ခါတွင် သူဋ္ဌေးသားသည် ဗျိုင်းငှက်တစ်ကောင်အား အလွယ်တကူ ပစ်ယူရရှိခဲ့ရာ ဗျိုင်းငှက်နှင့်အနီး မလှမ်းမကမ်းတွင် ရှိနေသူတစ်ဦးက အကြံအဖန်အမြတ်ထုတ်လိုသဖြင့် သူဋ္ဌေးသားပစ်လိုက်သော ဗျိုင်းငှက်သည် ၎င်း၏ဗျိုင်းငှက်ဖြစ်ကြောင်း၊ ထိုဗျိုင်းငှက်သည် နေ့စဉ်နေ့တိုင်း ရွှေစင်တစ်ကျပ်သားကိုချီ၍ ၎င်းအားပေးဆပ်ခဲ့ကြောင်း အလျော်ရရေး စကားဆိုလေ၏။ ထိုအခါ သူဋ္ဌေးသားက သင်၏ဗျိုင်းငှက်သည် ယခုကဲ့သို့ နေ့စဉ်ရွှေစင်တစ်ကျပ်သားချီ၍ ပေးဆပ်ခဲ့သည်မှာ အချိန်မည်မျှကြာရှိနေပြီနည်းဟု မေးသည့်အခါ ဗျိုင်းရှင်ဟုဆိုသူက ၃၆၅ ရက် (တစ်နှစ်)ခန့်ကြာပြီဖြစ်ကြောင်း ပြောသည့်အခါ သူဋ္ဌေးသားက ဤသို့ဆိုလျှင် ငါ့အိမ်ရှေ့တွင် ခင်းကျင်းထားသော ရွှေပြား ၃၆၅ ချပ် ပျောက်ဆုံးနေသည်မှာ သင့်ဗျိုင်းငှက်ခိုးယူခဲ့ခြင်းဖြစ်သည်။ သင့်မှာလည်း ခိုးရာပစ္စည်း လက်ခံထားသူဖြစ်ရာ အမြန်ပေးလျော်ရမည်။ မလျော်နိုင်ပါက တရားစွဲဆိုအရေးယူမည်ဟု ပြောကြားသောအခါ ဗျိုင်းရှင်ဆိုသူမှာ မနေ့ဝံ့ဘဲ ရွှေပြားများကို ပေးလျော်နိုင်စွမ်းမရှိသဖြင့် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အပြစ်မှခွင့်လွှတ်ပါရန် သူဋ္ဌေးသားအား တိုးလျှိုးတောင်းပန်ရသည်။ ဤကဲ့သို့ တစ်ဖက်သားပြောသည့် စကားအပေါ်မှာအခြေခံ၍ အပိုင်စီးနင်းဆုပ်ကိုင်ပြောဆိုခြင်းသည် **“ကောက်ပင်ရိတ်လှီး”** စကားပြောနည်းဟု ဆိုစမှတ်ပြုကြပါသည်။ သံခင်း တမန်ခင်း စကားပြောဆိုကြရာတွင် အတုယူဆောင်ရွက်ဖွယ်ရာ ကောင်းလှပါသည်။

(စကားပြောနည်းဆက်လက်ဖော်ပြပါမည်)

(သာသနာရေး)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဦးစိန်ဝင်း-ဒေါ်ပြုံးကြည်၊ ဦးလှအောင်-ဒေါ်ငွေကြည် အမှူးထား၍ အမှတ် ၁၉ ဂျိုးဖြူလမ်း စမ်းကြီးဝရပ်ကွက် မင်္ဂလာဒုံမြို့နယ် ဦးခင်မောင်အေး-ဒေါ်ခင်လှကြည် သား မောင်ဟန်မင်းအေး၊ မောင်ကျော်လင်းမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၃၈လမ်း အမှတ် ၁၄၈နေ ဒေါ်ခင်မေသက် မိသားစုက မိဘနှစ်ပါးနှင့် ခင်ပွန်းဖြစ်သူ ဦးကိုကိုလေးတို့အားရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို စက်တင်ဘာ ၂၄ ရက်က လွိုင်ကော်မြို့နယ်ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။ ယင်းနောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး နှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၇ ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် လွိုင်ကော်မြို့နယ် ထေးငှားလျားကျေးရွာ ဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိ၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျေးရွာ စာသင်ကျောင်းအတွက် စာရေးခုံများနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆေးဖျန်းပုံး ငါးလုံးကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကျန်းမာရေးပို့စတာနှင့် အိုင်အိုဒင်းဆားများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အခမဲ့လှူဒါန်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် အခမဲ့ ဆေးဝါးကုသပွဲကို လိုက်လံကြည့်ရှုအားပေးကြပြီး မျက်မှန်များကို အခမဲ့လှူဒါန်းကြသည်။

တက်ရောက်အားပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုသည့် အနေဖြင့် ဒီမောဆိုမြို့နယ် သေးဆူလဲကျေးရွာ ကျေးလက် ဆေးပေးခန်း အဆောက်အအုံဖွင့်ပွဲအခမ်းအနား တက်ရောက် အားပေးသည်။

ကျေးဇူးတင်စကားပြော

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် ဒီမောဆိုမြို့နယ် ဒေါ်ဘူးကူးကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတွင် ကျင်းပသည့် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ် တည်ဆောက်ပြီးစီးသွားသော ကျောင်းဆောင်သစ် ရေစက်သွန်းချလှူဒါန်းပွဲနှင့် နန်းဖယ်ခံ အခြေခံပညာ အထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲအခမ်းအနားတို့ကို တက်ရောက်အားပေးသည်။ ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်က စာသင်ကျောင်းအတွက် ဗလာစာအုပ်များ၊ ဆေးဖျန်းပုံး ငါးလုံးနှင့် ကွန်ပျူတာ တစ်စုံ၊ ပြည်နယ်ဥက္ကဋ္ဌက ကွန်ပျူတာ တစ်စုံနှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကွန်ပျူတာနှစ်စုံ ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာကြီး ဦးစောရှုမူအေးလာက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခန်းမတွင် ကျင်းပသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို တက်ရောက်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များက မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းရုံးရေးဆောင်ရွက်ထားရှိမှု တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်ရှင်နေ့နှင့်ရုပ်ရှင်သက်ကြီးပူဇော်ပွဲ စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်နေ့ဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်နေ့ဖွင့်ပွဲနှင့်အတူ ရုပ်ရှင် သက်ကြီးပူဇော်ပွဲ အခမ်းအနားကိုပါ ထိုနေ့၌ တစ်ပေါင်းတည်းကျင်းပမည် ဖြစ်သည်။

မြန်မာ့ရုပ်ရှင်နေ့ စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၁၃ ရက်တွင် ရုပ်ရှင် အသိပညာရှင်၊ အနုပညာရှင်များက ဖတ်ကြားကြမည်ဖြစ်ပြီး ပြန်လည်ဆန်းသစ်ထားသော **‘မေတ္တာနှင့် သူရာ’** ဓာတ်ကားကိုလည်း ပြသမည်ဖြစ်သည်။

အဆိုပါမြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲသို့ ပါဝင်လှူဒါန်းလိုသည့် စေတနာရှင်များသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သက်ဆိုင်ရာက နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

အင်တာနက်သတင်းနှင့် ဓာတ်ပုံ



နှလုံး၏စွမ်းအင် သိုမှီးထားရှိမှု စမ်းသပ်နည်းလမ်း သိပ္ပံပညာရှင်တို့ တွေ့ရှိထား

အလင်းရောင်ထွက်စေသည့် ဓာတုပစ္စည်းကို အသုံးပြုခြင်းအားဖြင့် အလုပ်လုပ်နေသည့် လူ့နှလုံးသားရှိ ကလာပ်စည်းများမှ စွမ်းအင်ပမာဏကို တိုင်းတာသိရှိနိုင်သည့် နည်းလမ်းတစ်ရပ်ကို သိပ္ပံပညာရှင်တို့ တွေ့ရှိပြီဟု သိရသည်။

တွေ့ရှိ

အဆိုပါနည်းလမ်းအသစ်ကို ဗြိတိန်နိုင်ငံ ဘရစ္စတိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက တွေ့ရှိခြင်းဖြစ်သည်။ ဇီဝဓာတုဂျာနယ်တွင် ဘရစ္စတိုတက္ကသိုလ် သိပ္ပံပညာရှင်များက ယင်းတွေ့ရှိချက်ကို ဖော်ပြထားသည်။

စွမ်းအင်လိုအပ်

သာမန်အခြေအနေတွင် နှလုံးကလာပ်စည်းများသည် စွမ်းအင်ကိုလျင်မြန်စွာ ထုတ်ပေးနိုင်သော်လည်း ရုတ်တရက် နှလုံးရောဂါ ဖိစီးပြီးလျှင်ပြီးချင်း နှလုံးပြန်ခုန်စေရန် ကလာပ်စည်းများတွင် စွမ်းအင်လိုအပ်သည်။

ထို့ကြောင့် ရုတ်တရက် နှလုံးရောဂါဖြစ်ခြင်း သို့မဟုတ် နှလုံးခွဲစိတ်ကုသခံအပြီး နာလန်ထူရေးတွင် သိပ္ပံပညာရှင်များ၏ တွေ့ရှိချက်က များစွာ အထောက်အကူဖြစ်စေသည်ဟု သိရသည်။ **(ကိုးကား-အင်တာနက်)**

အထက(၄)တာမွေ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၅

တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ပြုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စီက ဂုဏ်ပြုအမှာစကား ပြောကြားပြီး တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့်အောင်မြင်ကြသောကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးသီဟ**(ဝဲပုံ)**၊ အဘညို (ရွှေမြင်တင်)၊ ဒေါ်လှစိန် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)နှင့် အမှုဆောင်များက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက သင်ပြမှု ထူးချွန်ဆုရရှိကြသော ဆရာမ ၂၁ ဦးတို့အား ဆုများချီးမြှင့်ပေးအပ်သည်။ **(က-ပ)**

နှစ်ထပ်တိုက်ကျောင်း ရေစက်ချအလှူမင်္ဂလာ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် အောင်သီတာလမ်းရှိ မင်းနန္ဒာစာသင်တိုက်၌ အများစုပေါင်း၍ ဆောက်လုပ်လှူဒါန်းထားသော နှစ်ထပ်တိုက်ကျောင်းတော်ကြီး ရေစက်ချ အလှူမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၆ ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

■ ကျောဖုံးမှ

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီး ကော်မတီ ဒုတိယ ဥက္ကဋ္ဌ (၁) ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီး ဌာနဝန်ကြီးဗိုလ်ချုပ် ခင်အောင်မြင့် ရှင်း လင်းတင်ပြစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီးကို နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်သည့်အားလျော်စွာ သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများသည် ကျရာတာဝန် ကျေပွန်ရန်နှင့် မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းများကို ချောမွေ့အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည့်အချိန်လည်းဖြစ်ကြောင်း။

တိကျစွာအကောင်အထည်ဖော်

ဤသို့ ကော်မတီ၊ ဆပ်ကော်မတီ အသီးသီးသည် ကျရာကဏ္ဍအသီးသီးတွင် အဆင်ပြေချောမွေ့ပြီး အောင်မြင်စွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းဆိုင်ရာ အစည်းအဝေးများအနေနှင့် ပြိုင်ပွဲကျင်းပရေး နာယကကြီးများ ပါဝင်သည့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးနှစ်ကြိမ်၊ ပြည်နယ်နှင့် တိုင်း အသီးသီးမှကိုယ်စားလှယ်များ ပါဝင်သော ဦးစီးကော်မတီ အစည်းအဝေး တစ်ကြိမ်တို့ကို ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအစည်းအဝေးများကလည်း ကော်မတီ၊ ဆပ်ကော်မတီ အလိုက် စဉ်ဆက်မပြတ် လုပ်ဆောင်ရမည့် စီမံခန့်ခွဲမှုဆိုင်ရာ အဆုံးအဖြတ်များ၊လမ်းညွှန်ချက်များကိုလည်း ချမှတ်ပေးခဲ့ပြီးဖြစ်သည့်အတွက် ကော်မတီ၊ ဆပ်ကော်မတီ အသီးသီးသည် တိကျစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရကြောင်း။

အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို အမှားအယွင်း မရှိစေဘဲ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်ကိုလည်း ထပ်လောင်းပြီး တိုက်တွန်းပြောကြားလိုကြောင်း။

စိစစ်သုံးစွဲ

မိမိတို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအနေဖြင့် ကော်မတီ၊ ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များဖြစ်သည့် လမ်းညွှန်ချက်များ၊ ကြပ်မတ် စစ်ဆေးမှုများနှင့်အတူ လုပ်ငန်းသုံး ငွေကြေးဆိုင်ရာ ကိစ္စအဝဝကိုလည်း နှောင့်နှေးကြန့်ကြာမှုမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကော်မတီ၊ ဆပ်ကော်မတီ အသီးသီးကလည်း ငွေကြေးသုံးစွဲမှုများတွင် မကုန်သင့်သည်ကို မကုန်ရအောင် စနစ်တကျ စိစစ်ပြီး ခြိုးခြံသုံးစွဲသွားကြရန်လည်း တိုက်တွန်းလိုကြောင်း။

ယခုဆိုလျှင် ပြိုင်ပွဲကျင်းပမည့်ရက်သည် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၍ တာဝန်ရှိသူများအနေနှင့် လုပ်ငန်းဆိုင်ရာ ကိစ္စအဝဝကို သတ်မှတ်ရက်အပြီး ကြိုးစားပြီး ဝီရိယထားဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း၊ ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်း ဆောင်ရွက်ရာတွင် အဆင်ပြေ လွယ်ကူချောမွေ့စေရန်အတွက် သက်ဆိုင်ရာ အစိုးရရုံးများ၊ ဝန်ကြီးဌာနများ၊ တပ်မတော်ဆိုင်ရာ ဌာနကြီးများနှင့်သော်လည်းကောင်း၊ မိမိတို့ဆပ်ကော်မတီ အချင်းချင်းသော် လည်းကောင်း ဆက်စပ်ညှိနှိုင်းလုပ်ဆောင်ကြခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန် ပိုမိုမြန်ဆန်ချောမွေ့လာမည်ဟု ယူဆကြောင်း။

ပြည်နယ်နှင့်တိုင်း အသီးသီးမှ လာရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အင်အားစာရင်းများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများက ပေးပို့လျက်ရှိကြောင်း။

ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်

ပြိုင်ပွဲဝင်များ နေပြည်တော်သို့ ရောက်ရှိလာသည့် အခါတွင် စနစ်တကျနှင့် စိတ်ချမ်းသာစွာ အဆင်ပြေလွယ်ကူချောမွေ့စွာ တည်းခိုနေထိုင်သွားလာပြီး အောင်အောင်မြင်မြင် ပါဝင်ယှဉ်ပြိုင် ဆင်နွှဲနိုင်ရန်အတွက်လည်း သက်ဆိုင်ရာ ဆပ်ကော်မတီ အသီးသီးနှင့် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများ ကြိုတင်ဆက်သွယ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ အုပ်ချုပ်ရေးနှင့်သက်သာချောင်ချိရေး ဆပ်ကော်မတီတို့ကလည်း အခြားသော ကော်မတီ၊ ဆပ်ကော်မတီ အသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ဗဟိုအကဲဖြတ်ပညာရှင် ၁၅၀ကျော်နှင့်ပြည်နယ်နှင့်တိုင်း အကဲဖြတ်ပညာရှင် ၁၆၀ခန့်အတွက် တည်းခိုနေထိုင်ရေး လိုလေသေးမရှိအောင် ဂရုစိုက်လုပ်ဆောင်ပေးကြရန်လည်း မှာကြားလိုကြောင်း။

ထို့ပြင် ယခုနှစ် ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ပြိုင်ပွဲဝင်ဇာတ်နှစ်ဖွဲ့၊ မန္တလေးတိုင်းက တစ်ဖွဲ့၊ စစ်ကိုင်းတိုင်းက တစ်ဖွဲ့နှင့် မကွေးတိုင်းကတစ်ဖွဲ့ စုစုပေါင်း ငါးဖွဲ့ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ၌လည်း ရန်ကုန်တိုင်းနှစ်ဖွဲ့၊ မန္တလေးတိုင်းတစ်ဖွဲ့၊ စစ်ကိုင်းတိုင်းတစ်ဖွဲ့နှင့် ဧရာဝတီတိုင်းတစ်ဖွဲ့ စုစုပေါင်းငါးဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည့်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု၏ တာတမံများဖြစ်သည့် ဤပြိုင်ပွဲများကို နေပြည်တော်တစ်ဝိုက်တွင်နေထိုင်ကြသည့် ပြည်သူများနှင့် အခြားပြည်နယ်နှင့် တိုင်းများမှ တကူးတက လာရောက် အားပေးကြမည့် ဝါသနာရှင်များကို အစစ အဆင်ပြေစွာ လာရောက်ကြည့်ရှု အားပေးနိုင်ရန် လိုအပ်သည်များကို အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားကြပါရန် မှာကြားလိုကြောင်း။

ဤသို့ အကောင်းဆုံး ဖြစ်ရန် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီး၏ ဦးတည်ချက်(၇)ရပ်ကို ပြည်သူလူထုက ပိုမိုကျယ်ပြန့်စွာ တွေ့မြင်သိရှိနားလည်သွားမည် ဖြစ်သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် အကျိုးအမြတ် များစွာရရှိသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့်

တစ်ဆက်တည်းမှာကြားလိုသည်မှာ ဤပြိုင်ပွဲကြီးသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ပြိုင်ပွဲ ကျင်းပမည့် ရေဆင်းတက္ကသိုလ်နယ်မြေတစ်ဝိုက် သန့်ရှင်းသာယာလှပရေး၊ ရောဂါဘယ ကင်းရှင်းရေးတို့အတွက် သက်ဆိုင်ရာကော်မတီများနှင့် အဖွဲ့အစည်းများက ဦးဆောင်ပြီး နယ်မြေခံတက္ကသိုလ်မှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ပေါင်းစပ်ညှိနှိုင်းသွားရမည်ဖြစ်ကြောင်း။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အဆင်ပြေ ချောမွေ့စွာနှင့် အောင်အောင်မြင်မြင် ကျင်းပပြီးစီးနိုင်ရေးအတွက် ယနေ့ တက်ရောက်လာကြသည့် တာဝန်ရှိသူ အသီးသီးနှင့် ကော်မတီ၊ ဆပ်ကော်မတီဝင်များက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လိုအပ်ချက်ရှိသည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းသွားကြရန်ဖြင့် ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြကြစေလိုကြောင်း၊ ပြင်ဆင်ဆောင်ရွက်မှုများကို စနစ်တကျဆောင်ရွက်ပြီး လိုအပ်ချက်များကို ပြည့်စုံအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အကဲဖြတ်ဒိုင်အဖွဲ့၊ လုံခြုံရေးကိစ္စနှင့် အခြားဘာသာရပ်အလိုက်ဆောင်ရွက်ရန် လုပ်ငန်းများနှင့် စပ်လျဉ်း၍ မိမိတို့ကဏ္ဍအလိုက် အချိန်မီ ပြီးစီးရေး ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ ယခုနှစ် နေပြည်တော်၌ ကျင်းပခြင်းသည် ယခင် ရန်ကုန်မြို့၌ ကျင်းပခဲ့ခြင်းထက် ပိုမိုအဆင့်အတန်းမြင့်မြင့် ကျင်းပနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ကြိုတင်ဆောင်ရွက်မှုလုပ်ငန်းများကို ပြည့်စုံစွာဆောင်ရွက်ထားကြရန်နှင့် ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦးက ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

နိဂုံးချုပ်အမှာစကား

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က နိဂုံးချုပ် အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

ရေထွက်ပစ္စည်းထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ရေထွက်ပစ္စည်း ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာနှင့် အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အင်းစိန် မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ရေထွက်ပစ္စည်းများပြုပြင်ထုတ်လုပ်ခြင်းနှင့် ပြည်ပ ပို့ကုန် အရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ အခြေအနေများ ရှင်းလင်းပြောကြားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ၏ ရေထွက်ပစ္စည်းထုတ်လုပ်ခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသန်းထွန်း အဖွင့် အမှာစကား ပြောကြားစဉ်။
(မွေး/ရေ)

ဆက်လက်၍ Indicative Price of Various Frozen Fish for Exportစာတမ်း အပါအဝင် စာတမ်းရှင် ၁၄ ဦးတို့က စာတမ်း ၁၀ စောင်အား ဖတ်ကြားရှင်းလင်းရာ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးမေးမြန်းကြသည်။

ညနေပိုင်းတွင် ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ခြင်းအတွက် စံချိန်စံညွှန်းများ ညှိနှိုင်းပေါင်းစပ် သတ်မှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၂၄ ရက်က လှိုင်မြို့နယ် အမှတ်(၃၀) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် Grade(1)မှ ဘာသာစုံပထမဆုရ မောင်စွမ်းထက်အောင်အား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်ရီက ထူးချွန်ဆုချီးမြှင့်စဉ်။
(က–ပ)

ပြည်သူများလူနေမှုအဆင့်ပြောင်းလဲသည်နှင့်အမျှ လိုအပ်ချက်များမှာလည်း တိုးတက်များပြားလာ တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို အမြန်ဆုံး၊ အကောင်းဆုံးပြီးစီးအောင် စေတနာထားဆောင်ရွက်

■ ရွှေဖုံးမှ

ရှင်းလင်းတင်ပြ

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့်

နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ရွှေလီရေအား လျှပ်စစ်စီမံကိန်းမှတာဝန်ရှိသူများ၊ တရုတ်ပညာရှင်များ ရေလွှဲဥမင်လိုဏ် အထွက်ပိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြီးစီးမှုအခြေအနေများ၊RCCပင်မတမံ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်းများ၊ သက်ဆိုင်ရာကုမ္ပဏီများက စီမံကိန်းအတွက် မှာယူထားပြီးသော စက်မှုနှင့် လျှပ်စစ်ပစ္စည်းပေးပို့မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စံချိန်စံညွှန်းမီသည့် RCC ကွန်ကရစ်တမံဖြစ်ရေးကို စနစ်တကျ စီစဉ်ဆောင်ရွက်နေမှုများနှင့် သဘာဝ ပိုဇိုလန်ထုတ်လုပ်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဓာတ်အားပေးစနစ်ရှင်းလင်း

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရဲရွာနှင့် ရွှေလီရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့မှ ထုတ်လုပ်မည့်ဓာတ်အားများကို ဖြန့်ဖြူးမည့်အစီအစဉ်၊ တည်ဆောက်မည့်

နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေလီရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများပါဝင်သည့် ဓာတ်အား ပေးစနစ်ပုံစံ၊ ဓာတ်အားလိုင်းများ တည်ဆောက်ရေးအတွက် တာဝါတိုင်များ ထူထောင်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် ရဲရွာရေအား လျှပ်စစ် စီမံကိန်းကြီးမှာ နိုင်ငံတော်တစ်ရပ်လုံးအတွက် အရေးပါသော လျှပ်စစ် ဖွံ့ဖြိုးရေး စီမံကိန်းကြီးဖြစ်ကြောင်း။

ချိန်ကိုက်ပြီးစီးအောင်

စီမံကိန်းလုပ်ငန်းများကို တတ်နိုင်သမျှ အမြန်ဆုံး၊ အကောင်းဆုံးပြီးစီး အောင် ကြိုးစားတည်ဆောက်ရမည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အားများကို သုံးစွဲသူများထံအရောက် ဖြန့်ဖြူးပေးမည့် ဓာတ်အားလိုင်းစနစ်ကိုလည်း ဟန်ချက် ညီညီ ချိန်ကိုက်ပြီးစီးအောင် စီမံဆောင်ရွက်ရန် အရေးကြီးကြောင်း။

တိုင်းပြည်၏ ရေသယံဇာတများကို စိုက်ပျိုးရေးလုပ်ငန်းများ၌ တန်ဖိုး ရှိရှိ အသုံးချနိုင်ရေးအတွက် ရေလှောင်တာတမံ စီမံကိန်းများနှင့် မြစ်ရေတင် စီမံကိန်းများကို တစ်ခုပြီးတစ်ခု ဦးစားပေးတည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

လက်တွေ့အကောင်အထည်ဖော်

ယခုအခါ ယင်းရေသယံဇာတများကို အသုံးပြု၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက် ရေးအတွက် အမှန်လိုအပ်နေသော လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်စီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရဲရွာစီမံကိန်းကဲ့သို့ အကြီးစားစီမံကိန်းများအပြင် အလတ်စား၊ အငယ်စား စီမံကိန်းများလည်း ပါရှိကြောင်း။

ယင်းသို့ လျှပ်စစ်ဓာတ်အားစီမံကိန်းများ တိုးချဲ့ထူထောင်လျက်ရှိသော်လည်း ပြည်သူများ၏ မြင့်မားတိုးတက်လာသော လျှပ်စစ်ဓာတ်အားတောင်းခံမှုများကို လုံလုံလောက်လောက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယနေ့မိမိတို့ မနားမနေ လက်တွေ့ကျကျ ကြိုးပမ်းနေရကြောင်း။

ပြည်သူများ၏လူနေမှုအဆင့်အတန်း ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ ပြည်သူများ၏ လိုအပ်ချက်များမှာလည်း တိုးတက်များပြားလာလျက်ရှိကြောင်း။

စေတနာထားဆောင်ရွက်

ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများနှင့် ဓာတ်အား ဖြန့်ဖြူးရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့်

ရွှေလီရေအားလျှပ်စစ်စီမံကိန်း

ရွှေလီမြစ်ပေါ်တွင် အလျား ၅၃၁ ပေ၊ အမြင့် ၁၅၄ပေရှိ ကွန်ကရစ်ရေထိန်း တမံတည်ဆောက်၍ ရေသွယ်ဥမင်လိုဏ်ဖြင့် ရေကိုသွယ်ယူကာ တပ်ဆင် စက်အင်အားမဂ္ဂါဝပ်၆၀၀ရှိ ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ် ပေးသွားမည်။ ယခုအခါစီမံကိန်းလုပ်ငန်းများ၏ ၃၈ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ။

တာဝန်ရှိသူအားလုံးသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အချိန်ပြည့် ကုသိုလ်စိတ်မွေးပြီး မိမိတို့ဆောင်ရွက်နေကြရသော တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို အမြန်ဆုံး၊ အကောင်းဆုံးပြီးစီးအောင် စေတနာထား ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ပညာရှင်များနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးမြင့်ဇော်တို့အား သစ်သီးခြင်းများကို လက်ဆောင်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပင်မတမံကွန်ကရစ်သွန်းလောင်းနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စီမံကိန်းလုပ်ငန်းများ၌ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ငယ်မြစ်တစ်ဖက်ကမ်း ၁၉၇ မီတာအမြင့်မှ စီမံကိန်းဧရိယာ၊ စက်ယန္တရားကြီးများ ဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပင်မတမံပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်ကို ကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲ-ယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ထုတ်ယူရရှိမည့် စီမံကိန်းကြီးဖြစ်သည်။ ယခုအခါ စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများသည် ၃၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် လိုက်ပါလျက် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် နမ့်ခမ်း မြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွှေလီရေအားလျှပ်စစ် စီမံကိန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရွှေလီခန်းမ၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရွှေလီရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်း၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်း၌ဆောင်ရွက်လျက်ရှိသည့် နည်းပညာရပ်ဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဓာတ်အားလိုင်းသွယ်တန်းမှုရှင်းလင်း

ထို့နောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို မိုင်၁၈၀ရှည် ရွှေလီ-မန်စံ-ရွှေစာရံ ၂၃၀ကေဗွီဓာတ်အားလိုင်းသွယ်တန်း၍ ဘဲလင်းဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးသွားရန် စီစဉ်ထားမှုများ၊ ဒေသအတွင်း ဓာတ်အားဖြန့်ဖြူးသွားမည့် အစီအစဉ်များ၊ ဓာတ်အားလိုင်းသွယ်တန်းရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က မှာကြားရာတွင် ရွှေလီရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်မှုများနှင့် စပ်လျဉ်းသည့် မှတ်တမ်းမှတ်ရာများကို စနစ်တကျထားရှိသွားကြရမှာဖြစ်ကြောင်း၊ ဤစီမံကိန်း၌ အသုံးပြုလျက်ရှိသည့် တည်ဆောက်ရေးဆိုင်ရာ နည်းပညာရပ်များကို နောင်အလားတူစီမံကိန်းများ၌ အသုံးပြုသွားကြရမည်ဖြစ်ကြောင်း။

အဆင့်ဆင့်တည်ဆောက်

ရွှေလီမြစ်ကြောင်းတစ်လျှောက်၌ ရေအားလျှပ်စစ်စီမံကိန်းအဆင့်ဆင့် တည်ဆောက်သွားမှာဖြစ်သကဲ့သို့ တာပိန်မြစ်ကြောင်းတစ်လျှောက်၌လည်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်၍ ဖြစ်မြောက်နိုင်စွမ်းရှိ၊ မရှိလေ့လာသွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်သူများ၏ တိုးတက်တောင်းခံလာသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်များနှင့် နိုင်ငံတော်၏ စီမံကိန်းများအတွက် ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီမံကိန်းလုပ်ငန်းများကို ကြိုးပမ်းရာဖွေဖော်ထုတ် အကောင်အထည်ဖော်သွားရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများဖြန့်ဖြူးမည့် အစီအစဉ်နှင့် ဓာတ်အားလိုင်း သွယ်တန်းရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

လက်ဆောင်ပစ္စည်းများပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Power Development Co.,Ltd. Chairman, Mr. Huang Guanming နှင့် Vice Chairman, Mr. Feng Ke တို့အား နှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရွှေလီခန်းမရှေ့ရပ်မှ စီမံကိန်းဧရိယာကို ကြည့်ရှုကြသည်။

ဆက်လက်၍ အချင်း ၃၃ ပေ၊ အရှည် ၈၅၃ ပေရှိ ရေလွှဲဥမင်လိုဏ်အဝင်ပိုင်းတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ရေလွှဲဥမင်လိုဏ်အထွက်ပိုင်း တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းမှ တာဝန်ရှိသူများ၊ တရုတ်ပညာရှင်များနှင့် ရေလွှဲဥမင်လိုဏ်အထွက်ပိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ပြီးစီးပြီးအပိုင်းများကို မော်တော်ယာဉ်များဖြင့် ဝင်ရောက်ကြည့်ရှုစစ်ဆေးကြပြီး ဥမင်လိုဏ်ဆက်လက်ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

အကောင်အထည်ဖော်နေ

နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တည်ဆောက်ရေးကုမ္ပဏီများနှင့်ပူးပေါင်း၍ ရွှေလီရေအား လျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ရွှေလီမြစ်ပေါ်တွင် အလျား ၅၃၁ ပေ၊ အမြင့် ၁၅၄ ပေရှိ ကွန်ကရစ်ရေထိန်းတမံတည်ဆောက်၍ ရေသွယ်ဥမင်လိုဏ်ဖြင့် ရေကိုသွယ်ယူကာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၀၀ ရှိ ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၃၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ပန်းအလှပြင်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ပန်းအလှပြင်သင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများနှင့် ရန်ကုန်တိုင်းအတွင်းမှ စိတ်ပါဝင်စားသော သင်တန်းသူ ၂၇ဦးတို့ တက်ရောက်ကြသည်။

လက်တွေ့သရုပ်ပြသ

ဖွင့်ပွဲတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌကိုယ်စား ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဒေါ်နေနေနိုင်က ပန်းအလှပြင်ဆင်ခြင်းကို လက်တွေ့သရုပ်ပြသသည်။

ကြာမြင့်မည်

အဆိုပါ သင်တန်းမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ပန်းအလှပြင်သင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌကိုယ်စား ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်က အဖွင့်အမှာစကားပြောကြားစဉ်။

(မိခင်/ကလေး)

ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၅

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ (၂၅၉၅)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၀၈)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ်ပူဇော်ခံပွဲတွင် (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ရက်) ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းလှည့် အပူဇော်ခံမည်ဖြစ်၍ အစဉ်အလာမပျက် ကျောင်းကြီးအိုးတန်ရပ်ကွက် သမဂ္ဂယုဝလေ့တော်ဖြင့် ပင့်ဆောင်ပူဇော်နိုင်ရန် ရပ်ကွက်သူ ရပ်ကွက်သားများမှ သဒ္ဓါတရား ထက်သန်စွာဖြင့် ဖြစ်မြောက်ရေး ဗဟိုကော်မတီအထောက်အကူပြု လုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၉-၂၀၀၆ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	မင်းလှရေလှောင်တမံ
၈း၂၅	၉။	အရေးပြိုင်ပွဲ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၀၀	၅။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇း၁၀	၆။	**"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇း၁၅	၇။	၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ)(ဝါသနာရှင်) (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)
၁၇း၃၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၁၂)
၁၈း၅၀	၁၂။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း-၄)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"**(အပိုင်း-၈)

မကွေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ငှက်ဖျားကာကွယ်ရေး လက်တွေ့သရုပ်ပြ

ရန်ကုန် စက်တင်ဘာ ၂၅

မကွေးခရိုင်နှင့် မကွေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ စက်တင်ဘာ၉ရက်က မကွေးမြို့နယ် ရွာဟောင်းကန်ကျေးရွာအုပ်စု ရွာဟောင်းကန်ကျေးရွာကျောင်းခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများက အမျိုးသမီးရေးရာအကြောင်း၊ ငှက်ဖျားရောဂါအကြောင်း၊ ခြင်ထောင်ဆေးစိမ်ခြင်းနှင့်ပတ်သက်၍ ပညာပေးဟောပြောကြသည်။ ဟောပြောပွဲသို့ ကျေးရွာသူကျေးရွာသား ၂၁၅ဦး တက်ရောက်ကြသည်။ ဟောပြောပွဲအပြီးတွင် တာဝန်ရှိသူများက ငှက်ဖျားရောဂါကာကွယ်ရန် ခြင်ထောင်ဆေးစိမ်ခြင်းကို လက်တွေ့သရုပ်ပြကြသည်။

အခမ်းအနားအပြီးတွင် ကျေးရွာသူကျေးရွာသားများနှင့် စာပေဝါသနာရှင်များက ချမ်းမြေ့ရာစာကြည့်တိုက်သို့ သုတ၊ ရသစာပေမျိုးစုံနှင့် သတင်းစာ၊ ဂျာနယ်နှင့် ပညာပေးစာစောင်ပေါင်း ၂၄၀ လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဓမ္မဒူတအရှင်ဆေကိန္ဒ တရားပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ဘုရင့်နောင်ပွဲရုံမိသားစုများ၏ ပထမအကြိမ် အရဏ်ဆွမ်းလောင်းအောင်ပွဲအဖြစ် ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်သည် အောက်တိုဘာ ၇ ရက် (စနေနေ့) ည ၇ နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံ နယ်မြေအသောကလမ်း၌နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ကမ်းရိုးတန်းဒေသများ၌ မိုးသက်လေပြင်းကျရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၂၅

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိပြီး အနောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၄၈ နာရီအတွင်း မြန်မာနိုင်ငံအရှေ့ပိုင်း၊ အလယ်ပိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် တောင်ပိုင်းဒေသများတို့တွင် နေရာကျဲကျဲ မိုးရွာသွန်းနိုင်ပြီး ကမ်းရိုးတန်းဒေသများ၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်း အသင့်အတင့်မှ လှိုင်းကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဘက်စုံအသုံးဝင် ခြံစည်းရိုးကြက်ဆူပင်

"ပျိုးခြံထဲမှာ တကုပ်ကုပ်နဲ့ ဘာများ လုပ်နေတာလဲ၊ ပျိုးအိတ်တွေလဲ အများကြီးပါလား"

"ခြံစည်းရိုးကြက်ဆူမျိုးစေ့တွေ ပျိုးထောင်နေတယ် ညီမရေ"

"ဘာအကျိုးရှိလို့လဲ အစ်မ"

"ဒါက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းလေ၊ လုံလောက်တဲ့ပျိုးပင်ရရှိရေး၊ စိုက်သမျှဖြစ်ထွန်းရေး၊ ရည်မှန်းချက်စိုက်ဧကပြည့်မီရေး အလေးထားဆောင်ရွက်ရမယ်ဆိုတာ နိုင်ငံသားတိုင်းရဲ့ ခံယူချက်ဖြစ်ရမယ်လေ"

"ကဲပါ၊ အရှုံးပေးပါတယ်။ ညီမကိုလဲ နည်းနည်းပါးပါး ရှင်းပြပါဦး"

"ဒီလိုလေ အစ်မတို့နိုင်ငံမှာ စက်သုံးဆီကို ပြည်ပကနေ လစဉ်ဝယ်ယူနေရတယ်လေ၊ နိုင်ငံခြားငွေ ချွေတာဖို့ရယ်၊ အခုနေအခါမှာ ကမ္ဘာပေါ်မှာ လောင်စာဆီရှားပါးမှု၊ ပြတ်လပ်မှု ပြဿနာကို ကျော်လွှားနိုင်ဖို့အတွက် အထောက်အကူအများကြီးပေးမယ့် ဒီခြံစည်းရိုးကြက်ဆူကို ဝိုင်းဝန်းပျိုးထောင်နေရပါတယ်"

"ဆိုပါဦး အစ်မရေ"

"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်မှာ ပြင်ဦးလွင်မြို့ကို ရောက်ရှိစဉ်က တာဝန်ရှိသူတွေနဲ့တွေ့ဆုံပြီး တိုင်းနဲ့ပြည်နယ် တစ်ခုစီမှာ ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်းစီ သုံးနှစ်အတွင်း စိုက်ပျိုးဖို့၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဧကခုနစ်သန်းစိုက်ပျိုးဖို့ လမ်းညွှန်မှာကြားသွားတာကို အစ်မတို့ မှတ်သားလိုက်နာရပါတယ်"

"အစ်မတို့ ကျိုင်းတုံမြို့နယ် စည်ပင်အဖွဲ့ကရော ဘယ်လောက်စိုက်ရမယ်တဲ့လဲ"

"ပထမနှစ်မှာ ဧက ၅၀၊ ဒုတိယနှစ်မှာ ဧက ၈၀၊ တတိယနှစ်မှာ ဧက ၁၁၀၊ သုံးနှစ်အတွင်းမှာ ဧက ၂၄၀ ကို မြို့နယ်အတွင်းမှာ စိုက်ပျိုးပြီးသားဖြစ်ရပါမယ်"

"တစ်ဧကမှာ အပင်လေးတွေ ဘယ်လောက်စိုက်ပျိုးရမလဲ"

"တစ်ဧကကို အပင် ၁၂၀၀၊ ဧက ၅၀ ဆိုတော့ ပထမနှစ်မှာ ပျိုးပင်ပေါင်း ၆၀၀၀၀၊ ဒုတိယနှစ်မှာ ပျိုးပင်ပေါင်း ၉၆၀၀၀၊ တတိယနှစ်မှာ ပျိုးပင်ပေါင်း ၁၃၂၀၀၀ပျိုးထောင်ရပါမယ်၊ သုံးနှစ်အတွင်း ကြက်ဆူပင်ပေါင်း ၂၈၈၀၀၀ စိုက်ပျိုးရှင်သန်ပြီးသား ဖြစ်ရပါမယ်၊ အမှန်တကယ် အကျိုးဖြစ်ထွန်းမှာမို့ တစ်ပြည်လုံး ဒေသအနှံ့စိုက်ပျိုးနေကြပြီလေ"

"အမှန်တကယ် အကျိုးများတယ်ပေါ့"

"လေ့လာစမ်းသပ်မှုတွေက အမှန်တကယ် အဖိုးတန်အကျိုးများပါတယ်။ ရုပ်မြင်သံကြားမှာ သရုပ်ပြပွဲတွေ မြင်တွေ့ပြီးသားပဲ၊ တလောက မိုင်းခွန်ကျေးရွာမှာ စုပေါင်းပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲမှာ ထော်လာဂျီနဲ့ မီးစက်စမ်းသပ်မောင်းနှင်တာ မြင်တွေ့ခဲ့ပါတယ်။ ခုဆိုရင် ကြက်ဆူပင်ကို ခြံစည်းရိုးပင်၊ အလေ့ကျပေါက်ပင်လို့ သဘောထားလို့ မရတော့ဘူးလေ"

"ညီမတို့အေးတဲ့ဒေသထက် အပူပိုင်းမှာ ပိုဖြစ်ထွန်းတယ်ဆို"

"အပူ အအေးရယ်လို့ မဟုတ်ပါဘူး၊ အမြင့်ပေ ၅၀၀၀ကျော်အထိ စိုက်ပျိုးလို့ ရတယ်တဲ့၊ အစ်မကြီးတို့မြို့က ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၇၁၀ပဲ ရှိပါတယ်။ ဟောဟိုမှာကြည့်လေ၊ ပျိုးပေါင်က ပျိုးကိုင်းတွေမှာ အညွန့်အစိမ်းလေးတွေထွက်နေပြီ၊ ပျိုးအိတ်ကမျိုးစေ့တွေလဲ အပင်ပေါက်လေးတွေ ပြူထွက်နေပါပြီ၊ မျိုးစေ့ကို ရေနှစ်ညစိမ်ပြီးပျိုးတာ နှစ်ပတ်ကြာမှ အပင်ပေါက်တယ်။ နေ့တိုင်းတော့ ရေလောင်းပေးရပါတယ်"

"အေးလေ၊ ပျိုးခင်းကလဲ စိမ်းစိုနေတာပဲ၊ စိတ်ကြည်နူးစရာပဲ"

"ဘယ်လိုမြေမျိုးမှာမဆို စိုက်လို့ရတယ်။ ဒီအပင်မျိုးက အကြမ်းခံတယ်။ မြေညံ့မှာလဲ ဖြစ်ထွန်းပါတယ်။ ဒါပေမယ့် ဂရုစိုက်ပြီး ပြုပြင်ထားတဲ့မြေမျိုးမှာတော့ ပိုပြီးအဆင်ပြေတာပေါ့၊ ကိုင်းဖြတ်ကို မြေပေါ်တိုက်ရိုက်၊ ဒါမှမဟုတ် ပျိုးအိတ်ထဲ ပျိုးထောင်ထိုးစိုက်ရုံပဲ၊ စိုက်ရလွယ်ကူတယ်။ စိုက်ပျိုးစရိတ်မကုန်ဘူး၊ လုပ်အားတော့ လိုတာပေါ့လေ၊ ဘယ်မြေမျိုးမဆို ဆိုပေမယ့် ပျိုးတဲ့အချိန်မှာ သဲသုံးဆနဲ့ မြေဆွေးတစ်ဆရောထားတဲ့မြေမျိုးက ပိုကောင်းပါတယ်"

"နောက်ပြီးမိုးဦးမှာ စိုက်ခင်းထဲရွှေ့ပြောင်းစိုက်မယ်၊ စိုက်တဲ့အခါ တစ်ပေပတ်လည်အကျယ်၊ တစ်ပေအနက် ကျင်းတူးပြီး မြေဆွေးထည့်စိုက်ရမယ်၊ နှစ်လသားဆို ရွှေ့ပြောင်းစိုက်လို့ရပြီ၊ တခြားအပင်တွေနဲ့လဲ ရောနှောပြီး စိုက်နိုင်တယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကြက်ဆူပင်ကကြွေကျတဲ့ အရွက်တွေက မြေဩဇာပြန်ဖြစ်တယ်လေ"

"အပင်ရဲ့သက်တမ်းကရော ဘယ်လောက်တဲ့လဲ"

"အပင်သက်တမ်းက နှစ် ၅၀ အထိတဲ့၊ အသီးအထွက်နှုန်းကောင်းတာက ခြောက်နှစ်ကနေ နှစ်၃၀ အထိတဲ့ အနှစ် ၃၀ကျော်ရင် အသီးအထွက်နှုန်း တဖြည်းဖြည်း လျော့သွားမယ်၊ အဲဒီအချိန်မှာ ထင်းအဖြစ်သုံးရပါတယ်။ အပင်ရဲ့အမြင့်က ခြောက်ပေကနေ ၁၈ပေအထိရှိတယ်တဲ့၊ စိုက်ပျိုးပြီးခြောက်လအကြာမှာ အစိမ်းရောင်သန်းနေတဲ့ ခေါင်းလောင်း ပုံသဏ္ဌာန်အပွင့်ပွင့်မယ်၊ အသီးကလုံးပြီး အစိမ်းရောင်ရှိတယ်။ မှည့်လာရင် အဝါရောင်ကနေ အမည်းရောင်ပြောင်းသွားမယ်၊ ပင်စည်မှာ အခိုင်လိုက်သီးပြီး တစ်ခိုင်မှာ ငါးလုံးကနေ ၁၀ လုံးအထိရှိမယ်၊ ဒီဇင်ဘာလဆိုရင် ဆီကြိတ်လို့ရပြီလို့ မြို့နယ် စိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောတာ မှတ်သားမိပါတယ်"

"အပင်တွေကို သဘာဝမြေဩဇာ၊ ဒါမှမဟုတ် ဓာတ်မြေဩဇာကျွေးပြီး ရေလုံလုံလောက်လောက်လောင်းရင် တစ်နှစ်ပတ်လုံး အပွင့်ပွင့်၊ အသီးသီးမယ်၊ သုံးလေးလမှာ ခေါင်နှိမ် ကိုင်းဖြတ်ပေးရင် ဘေးကိုင်းဖြာပြီး အသီးအထွက်နှုန်းလဲ တိုးမယ်လို့ သိရပါတယ်။ အဲဒီအချိန်စမ်းလုပ်ကြည့်ရမှာပဲ"

"သရက်သီးမှာ ရင်ကွဲ၊ မချစ်စု၊ စိန်တစ်လုံးဆိုပြီး အမျိုးကွဲရှိသလို ကြက်ဆူမှာကော ဘယ်နှမျိုးရှိပါသလဲ"

"ကြက်ဆူ နှစ်မျိုးနှစ်စားရှိပါတယ်။ Castor လို့ခေါ်တဲ့ကြက်ဆူ၊ အဲဒီ Castor ကနေ အင်ဂျင်ဝိုင်ထုတ်တယ်လို့သိရပါတယ်။ အခု အစ်မတို့စိုက်နေတာက Jatropha လို့ခေါ်တဲ့ ခြံစည်းရိုးကြက်ဆူပင် ဖြစ်ပါတယ်"

နွန်းနွန်းနော်(ရှမ်းအရှေ့)

"ဘက်စုံရတာပေါ့နော်"

"ဘက်စုံပါပဲ၊ စိုက်ပျိုးရေးအတွက် ကြက်ဆူကြိတ်ဖတ်ထဲမှာ အပင်တွေအတွက် အာဟာရဓာတ်ဖြစ်စေတဲ့ နိုက်ထရိုဂျင်၊ ဖော့စဖိတ်၊ ပိုတက်တို့ပါဝင်တယ်။ ကြက်ဆူကြိတ်ဖတ်ဟာ နွားချေး၊ ကြက်ချေးတို့ထက် ပိုကောင်းတယ်လို့ စိုက်ပျိုးရေးပညာရှင်များက ပြောပါတယ်"

"ကျန်းမာရေးအတွက် ဆေးဝါးအဖြစ် သုံးတယ်။ စီးပွားရေးအတွက် ကြက်ဆူစေ့ရောင်းရင် ဝင်ငွေတိုးတယ်။ သယ်ယူပို့ဆောင်ရေးမှာ ထော်လာဂျီ၊ ထွန်စက်၊ ဒီဇယ်အင်ဂျင်မော်တော်ကားတွေ မောင်းနှင်နိုင်တယ်။ လူမှုရေးမှာ မီးစက်ထွန်းနိုင်တယ်။ ဘိုင်အိုဒီဇယ်မီးဖိုနဲ့ ထမင်းချက်နိုင်တယ်။ ကဲ–ဘာပြောချင်သေးလဲ"

"လိုရာသုံးလို့ရတာပေါ့နော်"

"ဒီဇယ်အင်ဂျင် မော်တော်ကားတွေ ကြက်ဆူဆီ တစ်ဂါလန်ကို ၂၃ မိုင်နှုန်းနဲ့ မောင်းနှင်နိုင်တယ်။ ၄၂ ယောက်စီး ဘတ်စ်ကားကြီးကို တစ်ဂါလန် ၁၀ မိုင်နှုန်းနဲ့ မောင်းနှင်နိုင်တာကို စမ်းသပ်ပြတာ လေ့လာသိရှိရပါတယ်"

"တကယ်တော့လဲ ကြက်ဆူဆီနဲ့ အင်ဂျင်စက်တွေမောင်းလို့ရတာ အညာဒေသက အတော်ကြာကြာကတည်းက သိပြီးဖြစ်ပါသတဲ့။ ရှေးက ကြက်ဆူစေ့ကို သွပ်နန်းကြိုးနဲ့သီပြီး မီးထွန်းတယ်လို့ သိရပါတယ်။

"အစ်မတို့ ပျိုးခြံမှာ ဘယ်လောက်ပျိုးထောင်ပြီးပြီလဲ"

"ဒီနေ့အထိတော့ ပျိုးအိတ်နဲ့ ၂၅၀၀၀၊ ပေါင်စိုက်ခင်းမှာ ကိုင်းဖြတ်ပျိုးကိုင်း ၂၃၀၀၀ စုစုပေါင်း ၄၈၀၀၀ ပျိုးထောင်ထားပြီးဖြစ်ပါတယ်"

"အစ်မပြောတော့ ဒီနှစ်အပင် ၆၀၀၀၀ ရှင်သန်အောင် စိုက်ရမယ်ဆို"

"ဒါပေါ့၊ ဒါ့ကြောင့် ပျိုးဥယျာဉ်ထဲက မထွက်နိုင်တာလေ၊ လျာထားချက်ထက် ကျော်လွန်အောင်လဲ ပျိုးထားရပါမယ်၊ ကြက်ဆူပင်လေးတွေ စိမ်းစိုနေတာကလဲ ရုံးဝန်ထမ်းတွေရဲ့ လုပ်အားအလှုပါပဲလေ"

"ညီမရေ၊ ဒေသရေမြေနဲ့ ကိုက်ညီတဲ့ အပင်က ရွေးနေရဦးမယ်၊ ကြက်ဆူက စိုက်သာစိုက်၊ ပျိုးသာပျိုး အောင်မြင်မှာ မုချပဲလေ၊ အစ်မ လက်တွေ့ပါပဲ၊ အပင်တွေ စိမ်းနေတော့ မျက်စိပသာဒရှိတယ်။ အကျိုးများမယ်ဆိုတာသိနေတော့ စိတ်ချမ်းသာရပါတယ်။ အပင်တွေက အဆိပ်ငွေ့ဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူတယ်။ လေကောင်းလေသန့်ဖြစ်တဲ့ အောက်စီဂျင် ပြန်ထုတ်ပေးတယ်။ ဆီမကြိတ်ရသေးပေမယ့် အကျိုးပြုနေပါပြီ"

"တခြားအပင်တွေကော မစိုက်တော့ဘူးလား"

"စိုက်ပျိုးထားပါတယ်။ စက္ကူပန်း၊ ခရားဝါ၊ ပန်းအိ၊ နွယ်သာကီ၊ စိန်တံချူတို့ကိုလဲ လျာထားချက် ပြည့်မီအောင် ပျိုးထားပါတယ်။ မြို့နယ်မှာ ပန်းတိုင်သီးနှံ ၁၀ မျိုးအပြင် ပျားလိမ္မော်၊ သရက်၊ တညင်း၊ ရော်ဘာစတဲ့ အပင်တွေကိုလဲ ဒေသခံတွေက စိုက်ကြပါတယ်။ အစ်မတို့ ရုံးခန်းမ နောက်နဲ့ ရေပေးဝေတဲ့ ရေကန်နေရာတွေမှာ ချဉ်ပေါင်၊ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ဇူကာ စသည်တို့ကိုလဲ စိုက်ထားပါတယ်"

"ဒီလောက်များတဲ့ ပျိုးပင်တွေကို ဘယ်နေရာမှာများ သွားစိုက်ကြမလဲ"

"မိုးဦးကျတာနဲ့ ကျေးလက်ကနေ မြို့တက်လမ်းဘေးဝဲယာ၊ ခရိုင်ချင်းဆက်လမ်းဘေးဝဲယာ၊ အခြား မြေလွတ်မြေလပ်တွေမှာ စိုက်မှာပါ၊ လုပ်အားပဲ လိုပါတယ်"

"ဒါဆိုကြားကွက်လပ်မရှိ နွေမိုးဆောင်း ထာဝရ စိမ်းနေဦးမှာပေါ့"

''ဒါပေါ့၊ ကြက်ဆူရတနာများနဲ့ စိမ်းနေဦးမည့် ကျွန်မတို့မြေပါပဲရှင်' ဥတုရာသီတောကိုမှီ၏'တဲ့၊ သစ်ပင်မရှိရင် ရေမရ၊ သဲကန္တာရဖြစ်သွားမယ်၊ ရာသီဥတုဖောက်ပြန်မယ်၊'သစ်တောစိမ်းမှ စမ်းရေရ၏' ဆိုတဲ့ ဆောင်ပုဒ်လေးကို ဘယ်သူ လက်မခံဘဲနေမှာလဲ''

''ကဲ သီးပါပြီတဲ့၊ ဆီကြိတ်ဖို့ကိစ္စက''

''ဒါလဲစက်ကြီးမှ မဟုတ်ပါဘူး၊ ကျေးရွာစိုက်ခင်းက ကြက်ဆူစေ့တွေကို တောင်သူလယ်သမား တိုင်းရင်းသားတွေကိုယ်တိုင် ထုတ်လုပ်နိုင်ဖို့ လက်ကြိတ်စက်ကို တီထွင်ထားပြီးသားတဲ့၊ စက်မှုဇုန်များကလဲ စက်ငယ်သုံးမျိုးကို ထုတ်လုပ်ထားပြီးသားတဲ့''

ကြက်ဆူဆီရဲ့ အဓိကတန်ဖိုးက ကြိတ်ရတဲ့ဆီကို ဘာနဲ့မှရောစရာမလို၊ ပြုပြင်စရာမလိုဘဲ အင်ဂျင်ထဲ တိုက်ရိုက်ထည့်ပြီး အသုံးပြုနိုင်တယ်လေ''

''၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ပြည်နယ်နဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး လာရောက်ကြည့်ရှု စစ်ဆေးစဉ်က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံရာမှာ ရုပ်မြင်သံကြားက ထုတ်လွှင့်တဲ့ ကြက်ဆူစိုက်ပျိုးရေးပညာပေးမှုများ ကြည့်ရှုမှတ်သား ဆောင်ရွက်ဖို့၊ စိုက်ပျိုးအပင်နဲ့ မျိုးစေ့များ ရှင်သန်အောင် အားထည့်ဆောင်ရွက်ဖို့၊ လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနဲ့ အဖွဲ့ပိုင် ယာဉ်စက်ယန္တရားများကို ဘိုင်အိုဒီဇယ်နဲ့ အသုံးပြုနိုင်ရေး တီထွင်စမ်းသပ် ဆောင်ရွက်မည့် အစီအမံကို အလေးထား ကြိုးပမ်းဆောင်ရွက်ဖို့ မှာကြားသွားခဲ့ပါတယ်။

''ဒါဆိုရင် မြူနှင်းတွေဝေနေတဲ့ ဒီဇင်ဘာ ဆောင်းလကစပြီး အစ်မတို့ စိုက်တဲ့ အပင်ကရတဲ့ ကြက်ဆူဆီနဲ့ အမှိုက်သိမ်းကားကြီးတွေ မောင်းနှင်ပြီး တစ်လမ်းဝင်တစ်လမ်းထွက် မီးဖိုချောင်အမှိုက်များ သိမ်းပေးဦးမှာပေါ့နော်''

''ကြိုးစားရမှာပေါ့ကွယ်''

''တော်တော်ကြာသွားပြီ၊ ညီမ ပြန်လိုက်ပါဦးမယ်''

''အေးပါ၊ ညီမတို့အိမ်ခြံများမှာ လွတ်နေတဲ့ မြေကွက်လပ်တွေမှာ ခြံစည်းရိုးကြက်ဆူပင်များ တစ်ပိုင်တစ်နိုင်စိုက်ဖို့လဲ တိုက်တွန်းလိုက်ပါတယ်''။ ။

"ညီမရေ ဒေသရေမြေနဲ့ ကိုက်ညီတဲ့ အပင်က ရွေးနေရဦးမယ်၊ ကြက်ဆူက စိုက်သာစိုက်၊ ပျိုးသာပျိုး အောင်မြင်မှာမုချပဲလေ၊ အစ်မ လက်တွေ့ပါပဲ၊ အပင်တွေစိမ်းနေတော့ မျက်စိပသာဒရှိတယ်။ အကျိုးများမယ်ဆိုတာသိနေတော့ စိတ်ချမ်းသာရ ပါတယ်။ အပင်တွေက အဆိပ်ငွေ့ဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူတယ်။ လေကောင်းလေသန့်ဖြစ်တဲ့ အောက်စီဂျင်ပြန်ထုတ်ပေးတယ်။ ဆီမကြိတ်ရသေးပေမယ့် အကျိုးပြုနေပါပြီ"

စက်မှုကုန်ထုတ်စွမ်းအားများဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်၊အလုပ်ရှင်နှင့်အလုပ်သမားပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယက ဝန်ကြီးများနှင့် အသင်းချုပ်နှင့် အသင်းချုပ်၏ မိတ်ဖက်ညီနောင်အသင်းများမှ တာဝန်ရှိသူများတွေ့ဆုံပွဲကို စက်တင်ဘာ ၂၄ ရက် နံနက်၁၀ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းချုပ်၏ မိတ်ဖက်ညီနောင် အသင်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်မှု၊ ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ ကျင်းပနိုင်ခဲ့မှု၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်အသင်းချုပ်က လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သုံးဦးသုံးဖလှယ်

ယင်းနောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက နိုင်ငံတော်၏ စက်မှုကုန်ထုတ် စွမ်းအား အပါအဝင် အခြားကုန်ထုတ်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၊ အလုပ်ရှင်၊ အလုပ်သမား သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

နည်းလမ်းရှာဖွေ

ဆက်လက်၍လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး**(အပေါ်ပုံ)**က နိုင်ငံတော်က ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနေမှု၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့်လည်း တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်ခြင်းထက် စုစည်း ညီညွတ်စွာဖြင့် နည်းလမ်းရှာဖွေပြီး ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက နိုင်ငံတော်၏ ပုဂ္ဂလိက အခန်းကဏ္ဍ၊ စက်မှုလက်မှုအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အရင်းအနှီးနှင့် နည်းပညာ၊ ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များကို ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်း ဆောင်တော်ကြီးအတွက် ကျေးဇူးရှင် မိခင်ကြီး ဒေါ်အေးမြအား ရည်စူးပြီး ဖခင် ဦးအောင်ကြည်ကိုအမှူးထား၍ကျန်ရစ်သူသားသမီး မြေး မြစ်မိသားစု ZBA ပုံနှိပ်တိုက်က အလှူငွေကျပ် ၁၅၀၀၀၀ ကို လှူဒါန်းရာ နာယကဆရာတော် မိုးညှင်းအရှင်ဏ္ဏနှက ကတရားဟော ရေစက်ချ၍ ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဦးသိန်းဇော်က လက်ခံယူစဉ်။ (က-ပ)

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ဧည့်လမ်းညွှန်များ စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဧည့်လမ်းညွှန်များ၏ စာတမ်းဖတ်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်က ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဌေးအောင်နှင့် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်အသင်းများမှ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် ဧည့်လမ်းညွှန်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီကိုယ်စား ပြင်သစ်ဘာသာဧည့်လမ်းညွှန် ဦးငွေဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဧည့်လမ်းညွှန်များ၏ စုပေါင်းလှူဒါန်းငွေကျပ် ၅၀၀၀၀၀ ကို ဧည့်လမ်းညွှန်များ ကိုယ်စား ဦးငွေဝင်းက ဧည့်လမ်းညွှန်သင်တန်း ကျောင်းအုပ်ကြီး ဦးအုန်းကျော်သို့ ပေးအပ်လှူဒါန်းသည်။ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်ရှစ်ဦးက ဧည့်လမ်းညွှန်ဆိုင်ရာ စာတမ်းရှစ်စောင် ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက စာတမ်းများအပေါ်တွင် သုံးသပ်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံပညာနှင့်အဆင့်မြင့်ပညာ ကဏ္ဍနှစ်ရပ်လုံး အရည်အသွေးတိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၅

ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားသည်။**(ယာပုံ)**

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးညွှန့်နှင့် ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပြည်နယ်နှင့်တိုင်းပညာရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက နိုင်ငံတော် အကြီးအကဲ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် လမ်းညွှန်ချက်များနှင့် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၏ လုပ်ငန်းဆိုင်ရာ မှာကြားချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ပြည်နယ်နှင့် တိုင်း ပညာရေးမှူးများနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ အနေဖြင့် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ နှစ်ရပ်လုံး အရည်အသွေးတိုးတက် မြင့်မားစေရန် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် နိုင်ငံတော်အကြီးအကဲနှင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ တို့၏ လမ်းညွှန်မှာကြားချက်များအပေါ် အပြည့်အဝ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရေး ဆွေးနွေးမှာကြားသည်။



ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်နယ်နှင့်တိုင်းများမှ ပညာရေးမှူးများနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များက မိမိတို့ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အလိုက်နှင့် တက္ကသိုလ်တစ်ခုချင်း အလိုက် သင်ကြား၊ စီမံကိစ္စရပ်များကို လည်းကောင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးများက ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၅

ဒဂုံမြို့နယ် ရွှေတိဂုံဘုရား အနောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်းရှိ ပခုက္ကူအသင်း ဓမ္မာရုံတွင် ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက အဌမအကြိမ် မိုးကုတ်ဝိပဿနာ သင်တန်းကို စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက် အထိ နေ့စဉ် မွန်းတည့်၁၂နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ် ပို့ချမည်ဖြစ်ရာ ကုသိုလ်ရှင်များ လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၏

ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူ

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ရွာ ခမည်းတော် ဦးအောင်၊ မယ်တော် ဒေါ်ခင်ကြည် တို့က ၁၃၀၈ ခုနှစ် ကဆုန် လဆန်း ၁၀ ရက် (သောကြာ နေ့) တွင် ဖွားမြင်တော်မူသော ဒုတိယမြောက် သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူ

ဆရာတော်လောင်းလျာသည် ၁၃၂၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁ရက်တွင် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အင်ကြင်းပင်ရွာ ရွှေစည်းခုံဆရာတော်ကြီး ဘဒ္ဒန္တဇဋိလကို ဥပဇ္ဈယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၃၂၈ခုနှစ် ဝါဆိုလဆန်း ၉ရက်တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိစာသင်တိုက် ခဏ္ဍသိမ်၌ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ဘဒ္ဒန္တဇနကာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ ကမ္ဘာအေး အေးငြိမ်းရိပ်သာစာသင်တိုက် ဆရာကြီး ဒေါ်ရူပမာလာ(ပဋ္ဌာနကျော်၊ ဓမ္မာစရိယ) ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေသင်ယူဆည်းကပ်တော်မူ

ဆရာတော်လောင်းလျာသည် အင်ကြင်းပင်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏုတ္တရနှင့် ရွှေစည်းခုံဆရာတော် ဘဒ္ဒန္တဇဋိလ၊ စစ်ကိုင်းတောင်ရိုးတောင်ရေဦးအနောက်တိုက်ကြီးဆရာတော်ကြီး ဘဒ္ဒန္တအရိယဝံသနှင့် အရှင်ဝိသုတတို့ထံတွင် အခြေခံစာဝါများကိုသင်ယူခဲ့ပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနကာဘိဝံသ၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တဣန္ဒောဘာသာဘိဝံသ၊ ဘဒ္ဒန္တပညိဿရာဘိဝံသစသော စာချဆရာတော်များထံတွင် ပိဋကကျမ်းစာများကို စုံလင်စွာသင်ယူခဲ့ပါသည်။ မူလပဌာန်းဆရာတော်ကြီး ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ဘဒ္ဒန္တဝါသဝါဘိဝံသနှင့် ဝိဇ္ဇောတာရုံဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတ (အဂ္ဂမဟာပဏ္ဍိတ)တို့၏ စောင့်ရှောက်ချီးမြှင့်မှုကို ခံယူ၍ တိပိဋကဓရ စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုတော်မူခဲ့ရာ တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့ကို ရရှိတော်မူခဲ့သည်။ ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်းရာဇဝိဇ္ဇာလယ ယူနီဗာစီတီက ဆက်ကပ်သော ဗုဒ္ဓစာပေဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူ ဒေါက်တာ (Ph.D)ဘွဲ့ကို ရရှိတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့ တောင်ရေဦးအနောက်တိုက်ကြီး (တိုက်ဝါကြီး)၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ရွှေကျင်ကျောင်းတိုက်သစ်၊ ရဟန်းအမကြီး ဒေါ်ရူပမာလာ(ပဋ္ဌာနကျော် ဓမ္မာစရိယ)လှူဒါန်းသော အေးငြိမ်းရိပ်သာကို အလှူခံ၍ "မဟာဂန္ဓာရုံ"အမည်ဖြင့် စာသင်တိုက်အသစ်တည်ထောင်လျက် သံဃာတော် ၄၀၀ကျော်တို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူခဲ့ခြင်း၊ ဆရာတော်သည် ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံတိုက်ကြီး၊ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာ စံပြကျေးရွာ တိပိဋကမဟာဂန္ဓာရုံတိုက်၊ မှော်ဘီမြို့ တိပိဋကမဟာဂန္ဓာရုံတိုက်တို့ကိုတည်ထောင်၍ နာယက၊ တိုက်အုပ်၊ တိုက်ကြပ်စသော စာချဘုန်းကြီး များစွာတို့ကို ပြုစုပျိုးထောင်ပေးတော်မူခဲ့ခြင်း၊ ဂိုဏ်းပေါင်းစုံ သံဃာညီညွတ်ရေးစည်းဝေးကြီး၌ အကြံပေးအဖွဲ့ဝင်၊ ရွှေကျင်ဂိုဏ်းကြီး၏ ဂိုဏ်းလုံးဝန်ဆောင် နာယက၊ ရန်ကုန်တိုင်း ရွှေကျင်နိကာယဝိနည်းပြန်ဌာန နာယကဆရာတော်များအဖွဲ့ အကျိုးတော်ဆောင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ဩဝါဒါစရိယ၊ ဆူးလေစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး၊ နိကာယ်သာသနာထွန်းကားရေးအသင်းကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ ရန်ကုန်မြို့တော်လုံးဆိုင်ရာ ပရိယတ္တိ သာသနာ့နုဂ္ဂဟ ဆန်လှူအသင်းကြီး၊ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၊ မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနာလင်္ကာရအသင်းကြီး၊ ရန်ကုန်မြို့ သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်စသော အသင်းအဖွဲ့များစွာတို့၏ ဩဝါဒါစရိယတာဝန်ကို ဆောင်ရွက်ခဲ့ခြင်း၊ ၁၃၅၇ခုနှစ် ရန်ကုန်မြို့တွင် ကျင်းပသော သာသနာတော်လုံးဆိုင်ရာ (၁၄)ကြိမ်မြောက် ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးကို ပဓာနတာဝန်ခံအဖြစ်ဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အင်ကြင်းပင်ရွာ၌ ရှေးဟောင်းစေတီတော်ကြီးသုံးဆူကို အသစ်ပြင်ဆင်၍ ကြေးထီးတော်များတင်လျက် ရွှေသင်္ကန်းများ ကပ်လှူခဲ့ခြင်း၊ ရေတွင်း၊ ရေကန်များ တူးဖော်ပေးခြင်း၊ အခြေခံပညာမူလတန်းကျောင်းကို အလယ်တန်းကျောင်းဖြစ်အောင် ဆောင်ရွက်ပေးခြင်း၊ အလယ်တန်း နှင့် သင့်လျော်သော အဆောက်အအုံများ၊ ကျောင်းအသုံးအဆောင်များ ပြည့်စုံအောင် စီမံပေးခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အဖြစ် ပဉ္စမအကြိမ်သက်တမ်းတွင် ၂၀၀၁ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ခြင်းတို့ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူ

ဤသို့လျှင် သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ သိက္ခာကာမ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၁၉၉၀ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူ

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်း သက်တော်(၆၁)နှစ်၊ သိက္ခာတော်(၄၂)ဝါအရ ၁၃၆၈ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက် (၂၄-၉-၂၀၀၆ရက်) တနင်္ဂနွေနေ့ ထိုင်းနိုင်ငံ ဒေသစံတော်ချိန် နံနက် ၈နာရီ ၅မိနစ်၊ မြန်မာစံတော်ချိန် နံနက်၇နာရီ ၃၅မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီး ၁၃၆၈ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက် (၃၀-၉-၂၀၀၆ရက်)စနေနေ့တွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှင်သုမင်္ဂလာလင်္ကာရ (Ph.D) အန္တိမဈာပနသာဓုကီဠနပူဇာသဘင် ညစဉ်တရားပွဲများကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၅

မရမ်းကုန်းမြို့နယ် ကမ္ဘာအေး အရှေ့ဝါယာလက်(၂)လမ်း တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မဟာမင်္ဂလာအလယ်တိုက်ကြီး၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်သုမင်္ဂလာလင်္ကာရ (Ph.D) အန္တိမဈာပနသာဓုကီဠနပူဇာသဘင်အဖြစ် ညစဉ်တရားပွဲများ ကျင်းပမည်ဖြစ်ရာ (သီတင်းကျွတ်လဆန်း ၆ရက်) စက်တင်ဘာ ၂၇ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသနှင့် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ (သီတင်းကျွတ်လဆန်း ၇ရက်) စက်တင်ဘာ ၂၈ရက်တွင် ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသနှင့် တွံတေး အရှင်ဣန္ဒက၊ (သီတင်းကျွတ်လဆန်း ၈ရက်) စက်တင်ဘာ ၂၉ရက်တွင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်တို့က ည ၇နာရီမှစတင်၍ ဓမ္မရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးဟောကြားတော်မူမည်ဖြစ်၍ လာရောက်နာကြားတော်မူကြပါရန် တရားပွဲကျင်းပရေးဆပ်ကော်မတီက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် အမှတ် (၅၀၇) ၇ လမ်း သမိုင်း (၁)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဦးလှဘန်း-ဒေါ်မဦးခင် သား မောင်မျိုးဦး၊ မောင်ညီညီ၊ သမီး မလှသူဇာခိုင် မိသားစုက လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၄၂ ပထမထပ် ဦးမျိုးသန့်နေအိမ်၌ လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းကို အမှူဆောင် ဒေါ်ကေသက်မော် (ဖုန်း-၂၂၀၂၄၅)က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ) က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ဒဂုံတက္ကသိုလ် သင်္ချာကျောင်းသားဟောင်းများ ပညာသိပ္ပဓမ္မရုံသီစေတီတော် အလှူငွေပေးအပ်မည်

ရန်ကုန် စက်တင်ဘာ ၂၅

ဒဂုံတက္ကသိုလ် သင်္ချာဌာန ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအရိယဝံသ၏ ဩဝါဒကိုခံယူ၍ စုပေါင်းပြုပြင်တည်ထားခဲ့ပြီး ရွှေထီးတော်တင်လှူခဲ့သည့် ပုဂံရှေးဟောင်းဘုရားအမှတ်၉၈၀(ဃ) ပညာသိပ္ပဓမ္မရုံသီစေတီတော်၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်ပွဲနှင့် သင်္ချာကျောင်းသားဟောင်းများ တွေ့ဆုံပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ရက်က တာမွေ အလိုတော်ပြည့်ကျောင်းတိုက်၌ကျင်းပသည်။

ဆက်သွယ်နိုင်

အစည်းအဝေးမှ အလှူငွေပေးအပ်ပွဲနှင့် သင်္ချာကျောင်းသားဟောင်းများ တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ၈ရက် နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းစားတော်ဆက် မင်္ဂလာခန်းမ၌ ကျင်းပရန်နှင့် အလှူရှင်များ၊ ကျောင်းသားဟောင်းများအား စုံညီစွာ တက်ရောက်နိုင်ရန် ဖိတ်ကြားထားပြီး လှူဒါန်းလိုသူများနှင့် လက်မှတ်များကို ဆရာဦးမျိုးတင့် ဖုန်း-၀၉-၅၀၀-၅၆၅၇၊ ကိုဘုန်းနိုင် ဖုန်း-၀၉-၅၁-၂၁၉၃၁၊ ကိုလှိုင်မြတ်စိုး ဖုန်း-၀၉-၅၀-၁၁၅၉၅၊ ကိုမင်းနိုင် ဖုန်း-၀၉-၅၁-၂၄၉၃၀၊ မထွန်းစန္ဒာထွန်း ဖုန်း-၆၄၃၈၇၁၊ ၀၉-၅၁-၀၀၃၆၇ နှင့် မဓာမာစိုး ဖုန်း-၅၄၆၄၀၄ (၂၂၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည့်စွက်ဖတ်ရှုပါရန်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ သက်တော် (၆၁)နှစ်၊ သိက္ခာတော် (၄၂)ဝါရှိ ဆရာတော်ကြီးသည် (၁၃၆၈ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက်) ၂၄-၉-၂၀၀၆ရက် (တနင်္ဂနွေနေ့) ထိုင်းနိုင်ငံ ဒေသစံတော်ချိန် နံနက် ၈နာရီ ၅မိနစ်၊ မြန်မာစံတော်ချိန် နံနက် ၇နာရီ ၃၅မိနစ်အချိန်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျော်ဖုံးမှ*

ရွှေတံဆိပ်

မြန်မာပြေးခုန်ပစ်အဖွဲ့မှ အမျိုးသမီး မီတာ ၈၀၀ ဗိုလ်လုပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲအုပ်မြင့်မြင့်အေးက ရွှေတံဆိပ်ဆုကို ရရှိပြီး၊ ကြေးတံဆိပ်ဆုကို စီးပွား/ကူးသန်းမှ နီနီတိုးကလည်းကောင်း၊ အမျိုးသမီး မီတာ ၁၅၀၀ ဗိုလ်လုပွဲတွင် စီးပွား/ ကူးသန်းမှ နီနီတိုးက ရွှေတံဆိပ်ဆုကို လည်းကောင်း၊ အမျိုးသမီးမီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြေးပွဲတွင် မြန်မာနိုင်ငံမှ ရဲအုပ်ကေခိုင်လွင်နှင့် မြင့်မြင့်အေး၊ ရန်ကုန်မြို့တော်စည်ပင်မှ ယဉ်ယဉ်ခိုင်နှင့် စီးပွားကူးသန်းမှ လဲ့လဲ့ဝင်းတို့က ငွေတံဆိပ်ဆုကို နိုင်ငံအတွက် ရယူပေးနိုင်ခဲ့သည်။

လက်ဆင့်ကမ်း

ရွှေတံဆိပ်ဆုရှင် ရဲအုပ်မြင့်မြင့်အေးသည် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီး မီတာ ၄၀၀x၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် နိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ရယူပေးထားသူ ဖြစ်သည်။

နီနီတိုး

ရွှေတံဆိပ်ဆုရှင် နီနီတိုးသည် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံ နည်းသော်လည်း မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်အတွက် အားထားရသော အမျိုးသမီး တာလတ် အပြေးသမားတစ်ဦးဖြစ်သည်။ သူမသည် ၂၀၀၁ ခုနှစ်တွင် ပြေးခုန်ပစ်လောကသို့ ဝင်ရောက်လာပြီး ၂၀၀၅ခုနှစ်တွင် သူမသည် နိုင်ငံတကာ ပွဲဦးထွက်ပြိုင်ပွဲအဖြစ် စင်ကာပူဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မီတာ ၈၀၀တွင် ကြေးတံဆိပ်နှင့် မီတာ ၁၅၀၀ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ကို ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်တွင် ကျင်းပ သည့် ပထမဦးဆုံးရုံတွင်း ပြေးခုန်ပစ် ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုပြိုင်ပွဲ သည် သူမ၏ တတိယမြောက် နိုင်ငံ တကာ ပြိုင်ပွဲဖြစ်၍ သူမသည် နိုင်ငံ အတွက် ရွှေတံဆိပ်တစ်ခုနှင့် ငွေတစ်ခု၊ ကြေးနှစ်ခု ရယူပေးနိုင်ခဲ့သည်။ **(မြန်မာ့အလင်း)**

(၈၃)ကြိမ်မြောက် မလေးရှားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၈၀၀ ဗိုလ်လုပွဲတွင် ရှေ့ဆုံးမှ မြန်မာနိုင်ငံမှ မြင့်မြင့်အေး၊ အလယ်မှ နီနီတိုးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြစဉ်။ (အဆိုပါပြိုင်ပွဲတွင် မြင့်မြင့်အေးက မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုနှင့် နီနီတိုးက ကြေးတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့သည်။) **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ဘာစီလိုနာတို့ သရေပွဲကြုံခဲ့ရသည့် လာလီဂါပွဲစဉ်(၄)

မက်ဒရစ် စက်တင်ဘာ ၂၅

စပိန်လာလီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ကို စက်တင်ဘာ ၂၄ရက်က ဆက်လက်ကစားရာ ဘာစီလိုနာနှင့်ဗလင်စီယာတို့ သရေပွဲဖြစ်ပြီး မာလော့ကာနှင့် အိုဆာဆူနာတို့ နိုင်ပွဲများ ရရှိခဲ့ကြသည်။

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

ဘာစီလိုနာနှင့်ဗလင်စီယာ

ညှော့သည် ဗလင်စီယာတို့ အဖွင့်ဂိုးသွင်းယူပြီးမှသာ ဘာစီလိုနာတို့ ချေပဂိုး ပြန်သွင်းယူနိုင်ခဲ့သည်။ ဘာစီလိုနာ၏ တိုက်စစ်မှူးများဖြစ်သော မက်စီ၊ အီတူးနှင့် ရော်နယ်ဒင်ဟိုတို့ ဗလင်စီယာနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက် ဂိုးသွင်းခဲ့သော်လည်း ဗလင်စီယာဂိုးသမား

ထိုး ဖောက် ကစား

ဘာစီလိုနာနှင့် ဗလင်စီယာတို့ပွဲတွင် ဘာစီလိုနာတိုက်စစ်မှူး အီတူး(လယ်)**ထိုးဖောက်ကစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ကာနီဇာရက်စ်၏ ကာကွယ်နိုင်မှုနှင့် ကန်ချက်များ လွဲချော်နေမှုများကြောင့် အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သော်လည်း တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘောလုံးပိုင်ဆိုင်မှု

ဗလင်စီယာ၏ အဖွင့်ဂိုးကို ပွဲချိန်၁၇မိနစ်၌ ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာသည် ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ကစားကွက်စီးထားနိုင်ခဲ့သော်လည်း ဂိုးရအောင် မသွင်းနိုင်ခဲ့ချေ။

ပွဲချိန် ၄၉မိနစ်မှသာ အီမာဆင်အစား ဝင်ရောက်ကစားသည့် အင်ဒရက်စ်အီနီစကေက ချေပဂိုးသွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

ဘာစီလိုနာသည် အိမ်ကွင်း၌ ပထမဆုံးသရေပွဲနှင့် ကြုံတွေ့ခဲ့ရသော်လည်း တန်းစီဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နေပြီး ဗလင်စီယာကလည်း အိမ်ကွင်း အဝေးကွင်း ရှုံးပွဲမရှိသေးသဖြင့် လေးပွဲကစား၊ သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် တန်းစီဇယား တတိယနေရာ၌ ရှိနေသည်။

မာလော့ကာနှင့် အက်စ်ပန်ညို

မာလော့ကာတို့ ပထမဆုံး နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ သရေပွဲ၊ ရှုံးပွဲများဖြင့်သာ ဖြတ်သန်းနေရသော မာလော့ကာတို့က ၃-၅-၂ပုံစံဖြင့် ကစားခဲ့ပြီး တိုက်စစ်အတွဲကို ကတ်ဆာနိုနှင့် လီယိုနာဒိုပက်ကူလီချီတို့အား ထုတ်သုံးခဲ့ရာ ပထမပိုင်း ပွဲချိန်ပြီးသည်အထိ ဂိုးမသွင်းနိုင်ခဲ့ချေ။

ဂိုးသွင်းခွင့် အခွင့်အရေး ၁၇ကြိမ် ရရှိပြီး ခုနစ်ကြိမ်ကန်သွင်းခဲ့ရာ တစ်ဂိုးသာရရှိခဲ့သည်။ ၎င်းဂိုးမှာ ပွဲချိန် ၅၇မိနစ်၌ တိုက်စစ်မှူး ပက်ကူလီချီအစား ဝင်ရောက်ကစားသည့် လိုပက်ဇ်က ပွဲချိန်၇၇မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မာလော့ကာတို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား ၁၂နေရာသို့ တက်လာပြီး အက်စ်ပန်ညိုမှာ အဆင့် ၁၇ နေရာသို့ ရောက်သွားခဲ့သည်။

ဆဲလ်တာဗီဂိုနှင့် အိုဆာဆူနာ

အဝေးကွင်းဖြစ်သော်လည်း အိုဆာဆူနာတို့ အနိုင်ကစား နိုင်ခဲ့သည်။ အိုဆာဆူနာတို့ အနိုင်ရရေး ခက်ခက်ခဲခဲ ကြိုးစားခဲ့ရခြင်းဖြစ်ပြီး အပိုင်ကန်သွင်းခွင့် သုံးကြိမ်ရရှိခဲ့ရာမှ နှစ်ဂိုးရအောင် သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အိုဆာဆူနာအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၅မိနစ်၌ ဗယ်ဒိုကလည်းကောင်း၊ ဒုတိယဂိုးကို မိနစ် ၉၀တွင် ဂျွန်ဖရန်က လည်းကောင်း သွင်းယူခဲ့သဖြင့် နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲ အနိုင်ရရှိသဖြင့် အိုဆာဆူနာတို့ တန်းစီဇယား၌ အဆင့်၁၀သို့ တက်ရောက်လာခဲ့သည်။

အခြားပွဲ ရလဒ်များ

အက်သလက်တီကို	**၂-၁**	**ဆီဗီလာ**
လီဗန်တေး	**၂-၁**	**ဒီပို့တီဗို**
ဂီတာဖေး	**၀-၀**	**ဘီလ်ဘာအို**
ဆိုစီဒက်	**၂-၃**	**ရီခရီယေတီဗို**
ဂျင်နက်စတစ်	**၂-၂**	**ရေးဆင်း**
ဗီလာရီးရဲ	**၃-၂**	**ရီးရဲဇာရာဂိုဇာ။** (အင်တာနက်)

မာလော့ကာနှင့် အက်စ်ပန်ညိုတို့ပွဲတွင် မာလော့ကာမှ ဂူတီရာရက်ဇ်(ဝဲ)**နှင့် အက်စ်ပန်ညိုမှ ဒိုမင်ရိုစ်တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

နယူးကာဆယ်နှင့် အဲဗာတန်သရေပွဲဖြစ်

လန်ဒန် စက်တင်ဘာ ၂၅

ပရီမီယာလိဂ်ပွဲစဉ် (၆)အဖြစ် နယူးကာဆယ်နှင့် အဲဗာတန်တို့ စက်တင်ဘာ ၂၄ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။

သွင်းယူပေး

နယူးကာဆယ်အတွက် အဖွင့်ဂိုးကို ပွဲချိန်၁၄မိနစ်၌ အမီယိုဘီကသွင်းယူပေးပြီး အဲဗာတန်၏ ချေပဂိုးကို ၄၁မိနစ်၌ တင်ကာဟေးလ်က သွင်းယူပေးခဲ့သည်။

ယခုပွဲ သရေဖြစ်ခဲ့သဖြင့် အဲဗာတန်တို့ တန်းစီဇယားတွင် အဆင့်လေးသို့ ရောက်ရှိသွားခဲ့သည်။ **(အင်တာနက်)**

အီတလီစီးရီးအေ ပွဲစဉ်(၄) ယှဉ်ပြိုင် အင်တာမီလန်နှင့်ရိုးမားတို့ အနိုင်ရ

ရောမ စက်တင်ဘာ ၂၅

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ပြိုင်ပွဲများကို စက်တင်ဘာ ၂၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ခြေမှန်ရလာသော အင်တာမီလန်နှင့် ရိုးမားတို့ ပြိုင်ဘက်အသင်းများကို အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ရေးသားတင်ပြသူ

မြင့်မောင်စိုး

အင်တာမီလန်အသင်းမှ အာဂျင်တီးနားတိုက် စစ် မှူး ခရက်စပို(ဝဲ)၏ ထိုးဖောက်မှုကို ချီယေဗိုမှ ဆယ် ဗာ တိုလန် နာ က ဤသို့ ဟန့်တားခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

အင်တာမီလန်-ချီယေဗို

အင်တာမီလန်အသင်းသည် အိမ်ကွင်း၌ ချီယေဗိုအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရလိုက်သည်။

မိနစ် ၇၀အတွင်း အင်တာမီလန်တို့ လေးဂိုးစလုံး သွင်းယူနိုင်ခဲ့သည်။ မိနစ် ၇၀ကျော်မှ ချီယေဗိုတို့ အင်တာမီလန်အသင်းကို နောက်မှ ချေပဂိုး သုံးဂိုး သွင်းယူနိုင်ခဲ့သည်။

အင်တာမီလန်တို့ ပွဲစသည်နှင့် မြန်မြန်ဆန်ဆန် ထိုးဖောက်ကစားရာ ပွဲချိန် ၁၁မိနစ်တွင် ခရက်စပိုက ဖွင့်ဆော်ဦးဂိုး သွင်းယူလိုက်သည်။

ဒုတိယပိုင်း ပွဲပြန်စချိန် ပွဲချိန် ၅၇မိနစ်တွင် အင်တာမီလန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို ဆင်မြူရယ်က လည်းကောင်း၊ ပွဲချိန် ၆၄ မိနစ်တွင် စတန်ကိုဗစ်က လည်းကောင်း၊ မိနစ် ၇၀တွင် ခရက်စပိုက လည်းကောင်း အသီးသီး သွင်းယူခဲ့သည်။

ချီယေဗိုအသင်းသည် လေးဂိုး အသွင်းခံထားရသော်လည်း အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ဖြင့် ပြန်လည်တိုက်စစ်ဆင်ကစားရာ တိုက်စစ်မှူး ပယ်လစ်စီယာက ၇၇မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ချေပဂိုး စတင်သွင်းယူလိုက်သည်။

အဖြေကောင်း

ယင်းနောက်တွင် ဘိုချီနှင့် ဘရစ်ခ်ဟီတို့က တစ်ဂိုးစီ ချေပပေးခဲ့ပြန်သည်။ ပွဲအပြီး ချီယေဗိုတို့ သရေအထိ ချေပ နိုင်ခြင်းမရှိသော်လည်း ပြန်သွင်းဂိုး ရလဒ်အဖြေကောင်းတစ်ခုရှိသွားသည်။

အင်တာမီလန်အသင်းသည် လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၁၀မှတ်ရပြီး အမှတ်ပေးဇယား တတိယနေရာတွင် ရှိနေသည်။

ပါးမား-ရိုးမား

နာမည်ကြီး ရိုးမားအသင်းသည် အဝေးကွင်း၌ ပါးမားကို လေးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။

ပွဲစသည်နှင့် ရိုးမားတို့ တိုက်စစ်

အောင်ပွဲခံ

ရိုးမားကွင်း လယ်ကစား သမား ပါ ရော့ တာ ပါမားအသင်းဘက်သို့ဒုတိယမြောက် ဂိုးသွင်းပြီး ဤ သို့ အောင်ပွဲ ခံခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

အရှိန်မြင့်ရာ ပွဲစပြီး ငါးမိနစ်အတွင်း မှာပင် တိုက်စစ်မှူး မွန်တဲလားက ဖွင့်ဆော်ဦးဂိုး သွင်းယူလိုက်သည်။ ယင်းနောက်တွင် ပါရော့တာ၊ ရော့ဆီနှင့် အဗ္ဗိုင်လာနီတို့က တစ်ဂိုးစီ သွင်းယူခဲ့ကြ၍ ပွဲအပြီး ရိုးမားတို့ လေးဂိုး-ဂိုးမရှိဖြင့် အောင်ပွဲဆင်ခဲ့သည်။

သို့သော်လည်း သုံးပွဲဆက်တိုက် အနိုင်ရထားသော ပါလာမိုအသင်းကို အမ်ပိုလီအသင်းက နှစ်ဂိုး-ဂိုးမရှိသွင်းပြီး နိုင်ပွဲဆက်မှုအရှိန်ကို ရပ်တန့်လိုက်သည်။

အမှတ်လျှော့

အီတလီ စီးရီးအေ ဘောလုံးလောကတွင် လုပ်ပွဲများ ကစားခဲ့သည့် အေစီမီလန်အသင်းသည် လေးပွဲတွင် သုံးပွဲအနိုင်ရထားသော်လည်း အမှတ်လျှော့ခံထားရ၍ အဆင့်၁၁တွင် ရောက်ရှိနေသည်။ အေစီမီလန်အသင်းသည် ရှစ်မှတ်အလျှော့ခံထားရသည်။

လုပ်ပွဲကစားခဲ့သည့် လာဇီယို၊ ရက်ဂျီးနားနှင့် ဖီအိုရင်တီးနားအသင်းတို့သည်လည်း လျှော့မှတ်များကြောင့် တန်းဆင်းဇုန်တွင် ရှိနေကြသည်။

ယခုနှစ် စီးရီးအေ ပြိုင်ပွဲတွင် လာဇီယိုအသင်းသည် ၁၁မှတ်၊ ရက်ဂျီးနားသည် ၁၅မှတ်၊ ဖီအိုရင်တီးနားသည် ၁၉မှတ် အသီးသီး အမှတ်လျှော့ခံရမည် ဖြစ်သည်။

အခြားပွဲရလဒ်များ

အက်စ်ကိုလီ	**၁-၁**	**ဆမ်ဒိုးရီးယား**
ကာတန်နီယာ	**၂-၂**	**မက်ဆီနာ**
အမ်ပိုလီ	**၂-၀**	**ပါလာမို**
လာဇီယို	**၁-၀**	**အတ္တလန္တာ**
လီဗော်နို	**၀-၀**	**အေစီမီလန်**
ရက်ဂျီးနား	**၁-၁**	**တိုရီနို**
ဆီနာ	**၀-၀**	**ကာဂလီယာရီ။**

(အင်တာနက်)



အကောက်ခွန်ဦးစီးဌာန၊ အမှုထမ်းရာထူးနေရာများ အရည်အချင်းစစ်စာမေးပွဲ စစ်ဆေးခြင်း

၁။ အကောက်ခွန်ဦးစီးဌာန၊ အမှုထမ်းရာထူးနေရာ လျှောက်လွှာတင်သွင်း ထားသူများအနက် အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်းနှင့် ခုံအမှတ်စာရင်းကို ၂၈–၉–၂၀၀၆ရက်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့၌ ကြေညာထားမည်ဖြစ်သည်။

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၂၈–၉–၂၀၀၆ ရက်မှစတင်၍ ပတ်စ်ပို့အရွယ် ဓာတ်ပုံသုံးပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးလက်မှတ်(မူရင်း)တင်ပြ၍ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)စီမံရေးရာဌာန၌ ထုတ်ယူနိုင်သည်။

၃။ အရည်အချင်းစစ်စာမေးပွဲကို ၇–၁၀–၂၀၀၆ရက်တွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ အောက်ပါအတိုင်းဖြေဆိုရမည်။

(က) သင်္ချာ ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ။

(ခ) အင်္ဂလိပ်စာ ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ ဖြေဆိုခွင့်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးလက်မှတ် တစ်ပါတည်းယူဆောင်လာရမည်။ တင်ပြနိုင်ခြင်း မရှိသူများအား ဖြေဆိုခွင့် မပြုပါ။

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို ၁၈–၁၀–၂၀၀၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၌ ကြေညာမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းအတွက် နေ့ရက်၊ အချိန်၊ နေရာတို့ကိုပါ ထည့်သွင်းကြေညာမည်ဖြစ်သည်။

အကောက်ခွန်ဦးစီးဌာန



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ **စီမံမန်နေဂျာ** ကျား(၁)ဦး

ဘွဲ့ရ၊ စီမံခန့်ခွဲမှုဘွဲ့၊ ဒီပလိုမာရရှိသူ ဦးစားပေးမည်။

လုပ်ငန်းအတွေ့အကြုံသုံးနှစ်၊ ရုံးလုပ်ငန်း၊ စတိုလုပ်ငန်း စီမံအုပ်ချုပ်နိုင်ရမည်။

၂။ **မော်တော်ယာဉ်မှူး** ကျား(၁)ဦး

ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံသုံးနှစ်၊ မော်တော်ယာဉ်ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်၊ အသက်(၃၀)မှ(၄၅)နှစ်။

မော်တော်ယာဉ်နှင့်ပတ်သက်သည့် စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ နားလည်ကျွမ်းကျင်ရမည်။

ယာဉ်မောင်းများ၊ ဆီဂိုဒေါင်မှူးများအား နိုင်နင်းစွာအုပ်ချုပ်နိုင်ရမည်။

မော်တော်ယာဉ်လမ်းကြောင်းများအား စနစ်တကျစိစစ်ဆောင်ရွက်နိုင်ရမည်။

လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ **သိုလှောင်ရုံမှူး၊ လက်ထောက်သိုလှောင်ရုံမှူး** ကျား(၂)ဦး

ဘွဲ့ရ၊ စတိုစာရင်းထိန်းသိမ်းနည်း နားလည်တတ်ကျွမ်းရမည်။လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးတစ်နှစ်၊ ပစ္စည်းအဝင်အထွက်များကို တာဝန်ယူ ဆောင်ရွက်ရမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း မိမိ၏ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ AA Medical Products Ltd. အမှတ်၄၀၈/၄၁၀၊ ခြောက်ထပ်၊ Samsung Plaza မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။



ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် မူးရစ်ကလေး–ဖံဖ–တကူပတီ–ကုလားတို့ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအတွက် ကျောက်များဝယ်ယူစုဆောင်းပြီးစီးမှုနှင့် လမ်းပေအရှည် တိုင်းတာခြင်းတို့ကို စက်တင်ဘာ၂ရက်က အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

ရွှေမောင်းတီးစေတီတော် ဆွမ်းတော်ကြီးလှူပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် လက်ဆောင်ကွင်းကျေးရွာအုပ်စု မောင်းတီးကြီးရွာတွင်ရှိသော ရေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ရွှေမောင်းတီးမဟာစေတီတော်ကြီးအား ဥဏ်တော်၁၀၈တောင်မြင့်အောင်ငုံ၍ တည်ထားခြင်း၊ (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့မှစ၍ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ဆီမီးတစ်ထောင်ထွန်းညှိလှူဒါန်းပွဲ၊ မဟာဒုက်ဘုရားမဲဖောက်လှူဒါန်းပွဲနှင့်အတူ ဒုလ္လဘရဟန်းခံပွဲ၊ ကျေးရွာအလိုက်စုပေါင်းပရိတ်ရွတ်ဆိုပူဇော်ပွဲများကျင်းပမည်ဖြစ်သည့်အပြင် ပူဇော်ပွဲအဖြစ် မဟာဇာတ်ကဇေ မေတ္တာရှင်ရွှေမောင်းတီးဆရာတော်ကြီးအား ရုပ်ဝေးရုပ်နီးမှတပည့်များက ပူဇော်ပွဲများကို ငါးရက်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

အမ်းလေယာဉ်ကွင်း ရှောင်လွှဲလမ်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၅

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း လိုက်ပါလျက် အမ်းမြို့သို့ ရောက်ရှိပြီး စက်တင်ဘာ ၁ ရက်က အမ်းမြို့တောရကျောင်းလမ်း(ခေါ်) လေယာဉ်ကွင်း ရှောင်လွှဲလမ်း(ခေါ်) မြေသွားလမ်းအဆင်းမှ အဆင့်တိုးမြှင့်တည်ဆောက်သွားမည့် အခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲမွန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညီညီဆွေတို့က ရှင်းလင်းတင်ပြကြသည်။ အဆိုပါလမ်းမှာ အလျားပေ ၇၆၅၀၊ အကျယ် ၁၈ ပေရှိပြီး အမ်းမြို့တောင်နှင့်မြောက် ဆက်သွယ် သွားလာရာတွင် အဓိကလမ်းမဖြစ်ကြောင်း သိရသည်။ **(၉၁)**

သုံးခွ ဖွဲ့ထော်ကျေးရွာအလကသို့ စာရေးကိရိယာများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဖွဲ့ထော်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းသို့ အထောက်အကူပြုပစ္စည်းများနှင့် စာရေးကိရိယာများပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ရက်က ယင်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်လက်ထောက်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင်“ဝိစာရ” အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးနေဦးက **(အပေါ်ပုံ)** ကျပ်ရှစ်သိန်းတန် အမိုးသွပ်ပြား ၁၀၉ချပ်နှင့် ကျပ်နှစ်သိန်းခွဲတန် ရုပ်မြင်သံကြားစက် တစ်လုံးကိုလည်းကောင်း၊ သုံးခွမြို့မှ ဦးဟံစိန်–ဒေါ်စမ်းမြင့် (ရွှေဝါမြေ စိုက်ပျိုးရေးဆေးဆိုင်) တို့က ကျပ်နှစ်သိန်း နှစ်သောင်းတန် ကျောင်းသုံးဗလာစာအုပ် ၇၅ ဒါဇင်၊ ခဲတံ ၇၅ဒါဇင်နှင့် ခဲဖျက် ဒါဇင်၅၀တို့ ကိုလည်းကောင်း၊ ယင်းကျေးရွာနေ ပြည်သူများက ကျပ်သုံးသိန်းခွဲတန် မီးစက်တစ်လုံးနှင့် ကျပ်ခုနစ်သောင်းတန် DVD အောက်စက် တစ်လုံး စုစုပေါင်းတန်ဖိုး ၁၆သိန်းကိုးသောင်းတန်ဖိုးရှိ ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ခေတ္တရာအသင်း ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် စက်တင်ဘာ ၂၅

ခေတ္တရာအသင်း ရန်ကုန်မြို့၏ ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ အောက်တိုဘာ၂၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုသူများ ဦးသန်းထွန်း ဖုန်း–၃၇၄၅၃၁၊ ဦးဌေးအောင် ဖုန်း–၅၀၃၆၆၇၊ ဦးဘိုနီ ဖုန်း–၇၀၉၀၄၅၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် (ငြိမ်း) ဖုန်း–၅၂၆၃၄၃၊ ဦးဝင်းမော် ဖုန်း–၂၄၂၁၃၈နှင့် ဒေါ်ဥမ္မာသန်း ဖုန်း–၂၄၉၀၉၂ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပေါင်းတည်အထက နှစ်(၅၀)ပြည့် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့ အထကကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ပွဲတော်ကို လာမည့် နိုဝင်ဘာ၃ရက်မှ ၅ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) နိုဝင်ဘာ ၅ရက်(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် အထကပညာရတနာခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ တပည့်ဟောင်းများအနေဖြင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဦးသိန်းလွင် အမှတ် ၂၆၇၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း–၀၁–၇၀၉၁၉၁၊ ဦးသောင်းလွင် အမှတ် ၁၀၇၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ် ဖုန်း–၀၁–၃၇၆၇၄၂၊ ဒေါ်သန္တာမြင့် အမှတ်၂၄ သုံးလွှာ ကျားကွက်သစ်လမ်းကျောက်မြောင်း တာမွေမြို့နယ်နှင့်ပေါင်းတည်မြို့တွင် ဦးထွန်းသိန်း ရွှေတောင်လမ်း ဖုန်း–၀၅၃–၃၈၀၉၂၊ ဦးရဲမြင့် ကျောင်းအုပ်ဆရာကြီး အထက ဖုန်း–၀၅၃–၃၈၀၆၀နှင့် ဦးဉာဏ်မြင့် ကျောင်းအုပ်ဆရာကြီး ၁၁လမ်း အမက ဖုန်း–၀၅၃–၃၈၄၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၆၄)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၉–၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကရာတေးဒိုအားကစား
၇း၁၅	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	Sunday Talk
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	မိုးလေဝသခန့်မှန်းချက်
၈း၃၀	စိမ်းနေဦးမည့်တို့မြန်ပြည်
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	နိုင်ငံတကာအနုပညာရေးရာ
၉း၁၅	ဆွေမျိုးတော်ပေမယ့် (ရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဇေဒါ)
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	ခဲမဟုတ်တဲ့ခဲတံ
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	လေးဖက်နှာ နှလုံးရောဂါအကြောင်း ဟောပြောချက် (အပိုင်း–၁) (ဒေါက်တာခင်မောင်အေး)
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၃၅	ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ ခင်ဘုဏ်း)
၁၁း၀၅	ဝင်ငွေတိုးဖို့ စိုက်ပျိုးစို့
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ငါးမြင်းနှင့် ရုံးပတီသီး)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	Say it in English(1)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၅၅	CSKA Moscow-Hamburger	5-Sports(Live)
၁၂း၃၀	Real Madrid-Dynamo	5-Series(Live)
၁း၀၀	Benfica-Man Utd	5-Sports(Live)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို စက်တင်ဘာ၂၃ရက်က တညင်းကုန်းရပ်ကွက် အမှတ်(၂၃)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြက ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ပါသော ဆေးပြားများ၊ အိုင်အိုဒင်းဆားနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်စဉ်။

(မိခင်နှင့်ကလေး)

ဘုရားငါးဆူ-ပျော်ဘွယ်လမ်း၌ စုပေါင်းသစ်ပင်စိုက်ပျိုး

မိတ္ထီလာ စက်တင်ဘာ ၁၀

မိတ္ထီလာခရိုင် သာစည်မြို့နယ်၏ ၂၀၀၆-၂၀၀၇ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဩဂုတ် ၂၈ရက် နံနက်ပိုင်းက ဘုရားငါးဆူ-ပျော်ဘွယ်လမ်း မိုင်တိုင်အမှတ် ၁၄/၄မှ ၁၄/၆ အထိတွင် ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဘုရားငါးဆူကျေးရွာနှင့် ကုက္ကိုကန် ကျေးရွာတို့မှ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များစုပေါင်း၍ ကျွန်းပင်၊ တမာပင်၊ မဲဇလီပင်၊ အော်ရီးရှားပင် စုစုပေါင်းအပင် ၁၀၅၀ကို စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

စိုက်ပျိုးပြီးမိုးစပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ရေးမြို့၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

မွန်ပြည်နယ် ရေးမြို့နယ် အောင်မင်္ဂလာရပ်ကွက်တွင် စိုက်ပျိုးပြီး မိုးစပါးဧက ၈၀၌ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြည်က ငါးမျိုးစိုက်ထည့်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ငါးသားပေါက်များထည့်သွင်းပေး

ယင်းနောက် မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အသင်းအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တောင်သူများက မိုးစပါးခင်း ဧက ၈၀အတွင်းသို့ ငါးသားပေါက်များ ထည့်သွင်းပေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန်နှင့်အဖွဲ့ ပုလောမြို့ ရေပေးဝေသော ရေစုကန်ကို ဩဂုတ် ၃၀ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

မြို့နယ်သတင်းများ

ခြံစည်းရိုးကြက်ဆူပင်ရှင်သန်ရေး ပေါင်းမြက်များရှင်းလင်း

ရပ်စောက် စက်တင်ဘာ ၁၂

ရပ်စောက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ရပ်စောက်-ဖောင်းတော ကျေးလက်လမ်းဘေးဝဲယာ၌ စိုက်ပျိုးပြီးစီးသော ကြက်ဆူပင်များရှင်သန်ရေးအတွက် ပေါင်းမြက်များရှင်းလင်းခြင်းနှင့်အပင်များအစားထိုးစိုက်ပျိုးခြင်းများ ဆောင်ရွက်မှုကို စက်တင်ဘာ ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝင်းမောင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

တီးတိန်၌ လက်ဖက်ကိုင်းဖြတ်နည်းနှင့် အရွက်ခူးနည်းသရုပ်ပြ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ဖက်စိုက်ပျိုးနည်းစာစောင်ဖြန့်ဝေ

တီးတိန် စက်တင်ဘာ ၁၅

မြို့နယ်စိုက်ပျိုးရေးဌာန၏ ဦးဆောင်မှုဖြင့် လက်ဖက် ကိုင်းဖြတ်နည်း၊ အရွက်ခူးနည်းသရုပ်ပြပွဲကို စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီက ချင်းပြည်နယ် တီးတိန်မြို့ အခြေခံပညာအထက်တန်း ကျောင်းဝင်း၌ လက်ဖက်စိုက်ခင်းတွင် ကျင်းပသည်။

ပြောကြား

သရုပ်ပြပွဲတွင် တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရန် စိုက်ပျိုးပြီးသော လက်ဖက်ပင်များ ပြုစုပျိုးထောင်ရာတွင် ကိုင်းဖြတ်နည်းနှင့် အရွက်ခူးနည်းသည် အလွန်အရေးပါသော နည်းပညာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဖြန့်ဝေ

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာနှင့် စိုက်ပျိုးရေးဝန်ထမ်းများက လက်ဖက်ကိုင်းဖြတ်နည်းနှင့် အရွက်ခူးနည်းများ သရုပ်ပြပေးကာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုး ပညာပေးရေးဌာနခွဲမှ ထုတ်ဝေသော လက်ဖက်စိုက်ပျိုးနည်း စာစောင်များကို ဖြန့်ဝေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရှုခင်းသာပန်းခြံအတွင်း မြေယာရှုခင်းအလှပြုပြင်ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်မှုကို ဩဂုတ် ၂၃ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးသူရလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မူရုံးလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လမ်းခင်းကျောက်များအား ကျောက်ခွဲစက်ဖြင့် ကြိတ်ခွဲနေမှုကို စက်တင်ဘာ ၉ ရက်က အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ဆန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်

ပဲခူးတိုင်း ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးရာသီ၌ မကြာခဏ ရေဝပ် ရေကျော်သည့် ရေပြာ ကျေးရွာအနီး ရေထုတ်ပြွန် ဆောင်ရွက်မှုကို စက်တင်ဘာ ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးဝင်းနိုင်ထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

သထုံခရိုင် ပြန်/ဆက်ဝန်ထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်းဖွင့်

သထုံ စက်တင်ဘာ ၄

သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား လုပ်ငန်းခွင် အရည်အချင်း ပြည့်ဝတိုးတက်စေရေးအတွက် ဝန်ထမ်းများ လုပ်ငန်းခွင် မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ရက် နံနက် ၈နာရီက သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပို့ချ

အခမ်းအနားတွင် မွန်ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်ကအမှာစကားပြောကြားပြီးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပို့ချသည်။

ထို့နောက် ကျန်ဘာသာရပ်များကို ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က ဆက်လက်ပို့ချကြပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်သည်။ **(ခရိုင် ပြန်/ဆက်)**

စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များ ပေါင်းမြက်ရှင်းလင်း

ဖားဆောင်း စက်တင်ဘာ ၁၉

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဖားဆောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စက်တင်ဘာ ၁၅ ရက်က စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူပင်များ၌ ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(နယ်စပ်/စည်ပင်)**

တာချီလိတ်မြို့တွင် အော်တိုတယ်လီဖုန်းလိုင်းများတပ်ဆင်

တာချီလိတ် စက်တင်ဘာ ၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် အော်တိုတယ်လီဖုန်းလိုင်း ၁၀၀၀ တိုးချဲ့ တပ်ဆင်ရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ရက် ညနေ ၃နာရီကခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ အတွင်းရေးမှူးဗိုလ်မှူးမင်းဇော်နှင့် မြို့နယ် ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်တို့သည် တာဝန်ခံအင်ဂျင်နီယာ ဦးအုံးသွင်နှင့် ဝန်ထမ်းများက ဆန်ဆိုင်း(ခ)ရပ်ကွက် မီးသတ်ရုံးလမ်းဆုံနှင့် ဆန်ဆိုင်းလမ်းဆုံတွင် မြေအောက်ကေဘယ်လ်ကြိုးချခင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ကောင်းကင်ကေဘယ်လ်ကြိုး သွယ်တန်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက် ကျောဘက်ကပ်လျက်တိုး ချဲ့ မြေနှစ်ဧက ဝယ်ယူရန် အတွက် နှစ် ဖက် သော မိဘများအား အမှူးထား၍ ရန်ကုန်မြို့ ဦးဝိစာရအိမ်ရာနေ ကပ္ပတိန် သန်းအောင်လတ်–ဒေါ်သက်နွယ်ဦး၊ သမီးမဆုမြတ်နိုး၊ မရှင်မင်းထွန်းမိသားစုက အလှူတော်ငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်အရှင်ဝီရိယ (နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လဆန်း ၆ ရက်
၂၇–၉–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်အဆင့် (အမျိုးသမီး)အဆိုပြိုင်ပွဲဝင်များ လေ့လာရန်(ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)**
(၁) မဟာတြိရတနာ (ရီရီသန့်)
(၂) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)
(၃) ဓာတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)

၁၁း၃၀ သောတရှင်အတွက် ပြန်ကြားချက်

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ဥက္ကလာပတိုင်းဘွဲ့) (ပတ်ပျိုး) (ဒေါ်စောမုံညင်း)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (စိတ်ဖိစီးမှု ကင်းဝေးလိုပါသလား) (မောင်ကျေးဇူး)

၁၂း၃၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက် (၁၀–၁၅)နှစ် အဆိုပြိုင်ပွဲဝင်များ လေ့လာရန်(မဟာဂီတသီချင်းကြီး)
(၁) မြိုင်ဟေမာ(ယိုးဒယား) (ကိုမြသောင်း)
–အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် လေ့လာရန်(မဟာဂီတသီချင်းကြီး)
(၂) မှိုင်းရိပ်ကယ်တည့်ကြိုး (ရီရီသန့်)

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မနာတတ်သောအသည်းလေး (ကိုသန်းလှိုင်)
(၂) မှာတမ်းလေးများ (လှမိအေး)
(၃) ပန်းကမ္ဘာလေးဖျက်ပြေးသွားတယ် (စိန်မောင်မြင့်)

၁၇း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (သက်သတ်လွတ်ခရမ်းချဉ်သီး၊ ထမင်းချဉ်)

၁၇း၄၅ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် ပတ္တလားအတီးပြိုင်ပွဲဝင်များ လေ့လာရန် စံသီချင်း**
(၁) လူ့မနော(ပတ်ပျိုး) စိမ့်
–အခြေခံပညာအဆင့် အသက် (၁၅–၂၀)နှစ် ပတ္တလားအတီးပြိုင်ပွဲဝင်များလေ့လာရန် စံသီချင်း
(၂) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး) (တင်တင်ထွေး)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မေတ္တာစကား (ဝေမိုး–ကျွန်းလှ)
(၂) ဖတ်ဖွယ်ဖတ်ရာ မှူခင်းများ (ခင်မောင်ထွန်း–လမ်းမတော်)

၁၉း၁၅ သီချင်းကြီး တူရိယာအဖွဲ့ (သီတဂူသီချင်းကြီး တူရိယာအဖွဲ့)

၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (SPS တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် သီချင်းကောင်းကင်တေးစီးရီး)

တံတားဦး၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် အလှူငွေ၊ စာအုပ်နှင့် ရုပ်မြင်သံကြားပြစက်လှူဒါန်း

တံတားဦး စက်တင်ဘာ ၆

တံတားဦးမြို့နယ် ကျစွာကျေးရွာ အုပ်စုညောင်ကန်ကျေးရွာ ဆရာဦးသိန်းဇော်ဝင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာကြည့်တိုက် သုံးပရိဘောဂများ၊ အလှူငွေများ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားပြစက်နှင့် ရေဒီယိုလှူဒါန်းပွဲကို ဩဂုတ် ၂၅ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်၊ ညောင်ကန်ကျေးရွာ ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အလှူရှင်ဦးသိန်းဇော်ဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးဘိုမောင်က စာကြည့်တိုက် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင် ဦးသိန်းဇော်ဝင်း–ဒေါ်နီနီအောင်(ရွှေစင် ပလတ်စတစ်ပုံနှိပ်လုပ်ငန်း)မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀၊ စာအုပ်စာစောင် ၂၅၀၀၊ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ရေဒီယိုတစ်လုံးနှင့် စာကြည့်တိုက်သုံး ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီမြို့ ပြည်သူ့ ဆေးရုံဝင်းအတွင်းဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ ထွက်ရှိသော အမှိုက် အညစ်အကြေးများကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့က အမှိုက်သိမ်းယာဉ် များ ဖြင့် သိမ်း ဆည်း နေမှုကို ဩဂုတ် ၂၆ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မော်မော် နှင့် အတွင်းရေးမှူး ဗိုလ်မှူးသန်းတင်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရှောင်လမ်း ပြင်ဆင်ဆောင်ရွက်နေမှုကို စက်တင်ဘာ ၉ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်းတို့က လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ရည်မှန်းချက်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး လုပ်ငန်းများရှင်းလင်း

ညောင်တုန်း စက်တင်ဘာ ၂၀

မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်သည် စက်တင်ဘာ ၁၃ရက်က ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးလုပ်ငန်းများ၊ စာကြည့်တိုက်လုပ်ငန်းများနှင့် ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ထားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်ငွေခင်သည် ညောင်တုန်းမြို့နယ်ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် ရည်မှန်းချက်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

ယင်းနောက် မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်အေးနှင့် ဝန်ထမ်းများက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အခြေအနေကို တင်ပြဆွေးနွေးကြရာ ခရိုင်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်စုဆောင်း

ပင်လုံမြို့ စဝ်စံထွန်းလမ်းကို ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် ခင်းရန်အတွက် ကျောက်စုဆောင်းနေမှုကို စက်တင်ဘာ ၈ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးသစ်ထူးမြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးမောင်မောင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာစာတတ်မြောက်ရေးအထိမ်းအမှတ် တောင်ကြီး၌ကျင်းပ စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်

တောင်ကြီး စက်တင်ဘာ ၁၅

၂၀၀၆ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက်က တောင်ကြီးမြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မြသီရိခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးဦးအောင်ဆွေက အထိမ်းအမှတ် အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆုများပေးအပ်

ဆက်လက်၍ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများ၌ ဆုရရှိသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က ရပ်ရွာပညာပဒေသာ ဌာနများအတွက် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ စာအုပ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက လူတိုင်းအတွက် ပညာရေး အဆိုအကဖြင့်ဖျော်ဖြေပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ လှုပ်ရှားမှုအဖြစ် ကျောင်းများမှပြသထားသော ပြကွက်များကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

(ခရိုင် ပြန်/ဆက်)

ကျောင်းကျန်းမာရေးသီတင်းပတ် ကျန်းမာရေးဆိုင်ရာ ဟောပြော စစ်တွေ၌ ကျောင်းသားကျောင်းသူများအား စစ်ဆေးကုသပေး

စစ်တွေ စက်တင်ဘာ ၁၀

ကျောင်းကျန်းမာရေးသီတင်းပတ် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် မွန်းလွဲ၁နာရီက ရခိုင်ပြည်နယ်စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် အဆုတ်ဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမို့မို့စိမ်းနှင့် ဒေါက်တာစမ်းစမ်းကြည်တို့က ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သန့်ရှင်းရေးလုပ်ငန်းသုံး အမှိုက်ပုံး၁၀လုံး၊ အမှိုက်ဂေါ်ပြား၁၀ခု၊ တံမြက်စည်း ၁၀ချောင်းနှင့် ရေစစ်၃၀ တို့ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အထက်တန်း ကျောင်းသူ ကျောင်းသားများ ပြသထားရှိသော အစာအာဟာရ မျှတ ပြည့်ဝစွာစားသုံးတတ်ရေး၊ အစာအုပ်စု သုံးအုပ်စုဝင် အစားအစာနမူနာများနှင့် အိမ်တွင်းကျန်းမာရေးအတွက် တိုင်းရင်း ဆေးပင်များကို ကြည့်ရှုပြီး ကျောင်းရှေ့တွင်အမှိုက်ကင်းစင်ကျောင်း၊ ဆေးလိပ်ကင်းစင်ကျောင်း၊ ခြင်ကျားကင်းစင်ကျောင်း မြေစိုက်ပိုစတာများ စိုက်ထူပွဲသို့ တက်ရောက်ကြသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့တွင်းလမ်းဘေးရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ်၂၉ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဝန်ထမ်းများလုပ်ငန်းခွင်အရည်အချင်း တိုးတက်မှု မွမ်းမံသင်တန်းဖွင့်

မင်းဘူး စက်တင်ဘာ ၁၆

ဝန်ထမ်းများလုပ်ငန်းခွင်အရည်အချင်းတိုးတက်မှုမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၁၁ရက် နံနက်၉နာရီက မင်းဘူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မကွေးတိုင်းလက်ထောက်ညွှန်ကြားရေးမှူးဦးဆန်း၊ ခရိုင်ဦးစီးအရာရှိဦးမြင့်ဆွေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်၊ ခရိုင်နှင့်မြို့နယ် ဒုတိယဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ မင်းဘူး၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲနှင့် စေတုတ္တရာရုံးများမှ ဝန်ထမ်း ၁၄ ဦး တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

အမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ၁၀ရက်က အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စီစီနိုင်က အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်(အေ)ဆေး တိုက်ကျွေးကြစဉ်။ (အမျိုးသမီးရေးရာ)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ဖွံ့ဖြိုးရေးလုပ်သားသင်တန်း ကြို့ပင်ကောက်၌ဖွင့်

ကြို့ပင်ကောက် စက်တင်ဘာ ၁၈

ကြို့ပင်ကောက်မြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ဖွံ့ဖြိုးရေးလုပ်သားသင်တန်း ဖွင့်ပွဲကို စက်တင်ဘာ ၁၂ရက် နံနက် ၉နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှသိန်းနှင့် သာယာဝတီခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းထွင့်တို့က သင်တန်းဖွင့် အမှာစကား ပြောကြားကြသည်။ **(အောက်ပုံ)** **(ဝ၄ဝ)**

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ ပတ်ဝန်းကျင်သာယာလှပရေးအတွက် မြေယာရှုခင်းအလှဆင်ခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းလုပ်ငန်းများကို ဩဂုတ် ၂၆ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်ခရိုင် ငါးမြို့နယ်ဘောလုံးပြိုင်ပွဲဗိုလ်လု

ပြင်ဦးလွင် စက်တင်ဘာ ၅

၂၀၀၆ခုနှစ် ပြင်ဦးလွင်ခရိုင် ကျောင်းသား အသက်၁၀နှစ်အောက်နှင့် အသက် ၁၆နှစ်အောက် အမျိုးသား ငါးမြို့နယ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၃၀ ရက်က ပြင်ဦးလွင်ခရိုင် အားကစားကွင်း၌ကျင်းပရာ အသက် ၁၀ နှစ်အောက်ပြိုင်ပွဲတွင် ပြင်ဦးလွင်မြို့နယ်အသင်းနှင့် မတ္တရာမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်ဦးလွင်မြို့နယ်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

အနိုင်ရ

အသက် ၁၆နှစ်အောက်ပြိုင်ပွဲတွင် မတ္တရာမြို့နယ် ဘောလုံးအသင်းနှင့် ပြင်ဦးလွင်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မတ္တရာမြို့နယ်အသင်းက ခုနစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ **(၂၈၀)**

26-9 (17) 1 9/26/06, 1:13 AM

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေပြည်တော်၌ ပိုမိုအဆင့်အတန်းမြင့်မြင့် ကျင်းပနိုင်ရေး ကြိုတင်ဆောင်ရွက် ပြိုင်ပွဲဝင်များ စိတ်ချမ်းသာစွာ ပါဝင်ယှဉ်ပြိုင် ဆင်နွှဲနိုင်ရန် ကြိုးပမ်းလုပ်ဆောင်

နေပြည်တော် စက်တင်ဘာ ၂၅

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၇ ကော်လံ ၁

မလေးရှားနိုင်ငံတွင် ကျင်းပသည့် (၈၃)ကြိမ်မြောက် တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာ ရွှေတံဆိပ်နှစ်ခု၊ ငွေတစ်ခုနှင့် ကြေးတစ်ခုဆွတ်ခူး

သတင်းနှင့်ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၅

မလေးရှားနိုင်ငံ ပီနန်မြို့တွင် စက်တင်ဘာ ၁၉ရက်မှ ၂၂ရက်အထိ ကျင်းပခဲ့သည့် (၈၃)ကြိမ်မြောက် မလေးရှားတံခွန်စိုက် ဖိတ်ခေါ်ပြေးခုန်ပစ် ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ အမှုဆောင် ဦးခင်မောင်သန်း ခေါင်းဆောင်သည့် မြန်မာအမျိုးသမီးပြေးခုန်ပစ်အဖွဲ့ ပါဝင်ဆင်နွှဲခဲ့ရာ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု နိုင်ငံအတွက် ဆွတ်ခူးပေးနိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၅

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မလေးရှားနိုင်ငံ ပီနန်မြို့တွင် ကျင်းပခဲ့သည့် (၈၃)ကြိမ်မြောက် မလေးရှားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးမီတာ ၁၅၀၀ ဗိုလ်လုပွဲ၌ နီနီတိုး(မြန်မာ)(ယာမှ တတိယ) **ဤသို့ပါဝင်ယှဉ်ပြိုင်ခဲ့သည်။**

(မြန်မာ့အလင်း)

ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာ ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့ မအူပင်မြို့နယ် NLD ပါတီဝင် သုံးဦးနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်း မအူပင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်သော ကျုံပါကျေးရွာမှ ဦးစောမောင်၊ ဦးတင်စိန်နှင့် ဦးမြင့်လွင်တို့သည် ဩဂုတ် ၁၅ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မအူပင်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ခဲ့သည့် နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုး မဟုတ်ဘဲ တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်များကိုသာ ရွေးရှုဆောင်ရွက်ခဲ့ကြောင်း၊ NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာပြီး NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)